ATHAN အသံ

**အသံ – လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်လှုပ်ရှားမှုအဖွဲ့**

# ၂၀၂၀ ရွေးကောက်ပွဲနှင့် နိုင်ငံရေးပါတီများ၏ မဲဆွယ်စည်းရုံးမှုအသွင်အပြင်သစ်

---

## နိုင်ငံရေးပါတီများ၏အွန်လိုင်းမဲဆွယ်စည်းရုံးမှုအပေါ် လူ့အခွင့်အရေးအခြေပြုသုတေသနတွေ့ရှိချက်

STEP DEMOCRACY
ရှေ့သို့မြန်မာ

DRI

Funded by
EUROPEAN UNION

STEP DEMOCRACY
ရှေ့သို့မြန်မာ

DRI

Funded by
EUROPEAN UNION

# ၂၀၂၀ ရွေးကောက်ပွဲနှင့် နိုင်ငံရေးပါတီများ၏ မဲဆွယ်စည်းရုံးမှု အသွင်အပြင်သစ်

နိုင်ငံရေးပါတီများ၏အွန်လိုင်းမဲဆွယ်စည်းရုံးမှုအပေါ် လူ့အခွင့်အရေးအခြေပြု သုတေသနတွေ့ရှိချက်

# မာတိကာ

**ခေါင်းစဉ်** **စာမျက်နှာ**


စာတမ်းအကျဉ်းချုပ် ........ ၄

**အခန်း (၁) မိတ်ဆက်ခြင်း**

၁.၁ အကာအကွယ်ပေးရမည့် လူနည်းစု အုပ်စုများနှင့် ဒီမိုကရေစီရွေးကောက်ပွဲ ........ ၅
၁.၂ သုတေသနနည်းလမ်း ........ ၇

**အခန်း(၂) လေ့လာတွေ့ရှိချက်များနှင့် ဖြစ်စဉ်တင်ပြမှု**

၂.၁ လူမျိုးရေး/လူမျိုးစုနှင့် အမျိုးသားရေးကဏ္ဍတို့မှ မဲဆွယ်မှုများ........ ၁၀
၂.၂ ဘာသာရေးအခြေခံ ရွေးကောက်ပွဲမဲဆွယ်မှုများ ........ ၁၇
၂.၃ ကျား၊ မ တန်းတူအခွင့်အရေး အပေါ် နိုင်ငံရေးပါတီများ၏ မဲဆွယ်စည်းရုံးမှု ........ ၂၁
၂.၄ မသန်စွမ်းအရေးနှင့် ပတ်သတ်၍ နိုင်ငံရေးပါတီများ၏ မဲဆွယ်စည်းရုံးမှု........ ၂၄
၂.၅ ကျန်းမာရေးနှင့်ပတ်သတ်၍ အွန်လိုင်းကမ်ပိန်းတွင် မဲဆွယ်စည်းရုံးမှုများ ........ ၂၆
၂.၆ စစ်ဘောင်ချဲ့ခြင်းနှင့် ဖက်ဒရယ်ဝါဒများ အပေါ် ပါတီများ၏ အသုံးချမှု ........ ၂၉

**အခန်း(၃) ရွေးကောက်ပွဲကော်မရှင်အပေါ် ဝေဖန်ခြင်းနှင့်ရွေးကောက်ပွဲအပြီးပါတီများ၏ ပြောဆိုစကားများ**


၃.၁ ရွေးကောက်ပွဲကော်မရှင်၏ လုပ်ဆောင်ချက်များ ........................................ ၃၃

၃.၂ ရွေးကောက်ပွဲပြီးနောက် ပါတီများ၏ပြောဆိုမှုများ ........................................ ၃၈


**အခန်း (၄) အနှစ်ချုပ်**


၄.၁ အနှစ်ချုပ်သုံးသပ်ချက် ........................................ ၃၉

၄.၂ အကြံပြုချက်များ ........................................ ၄၂

## အတိုကောက်မှတ်စု

| | |
|---|---|
| ကချင်အမျိုးသားပါတီ | (Kachin National Party – KNP) |
| ကချင်ပြည်နယ်ပြည်သူ့ပါတီ | (Kachin State People's Party – KSPP) |
| ကယန်းအမျိုးသားပါတီ | (Kayan National Party – KNP) |
| ကရင်အမျိုးသားပါတီ | (Karen National Party – KNP) |
| ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ | (Karen National Democratic Party – KNDP) |
| ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | (Chin National League for Democracy Party – CNLD) |
| ညီညွတ်သော တိုင်းရင်းသား လူမျိုးများ ဒီမိုကရေစီပါတီ | (United Nationalities Democracy Party –UNDP) |
| တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | (National Unity Party – NUP) |
| တိုင်းလိုင် (ရှမ်းနီ) အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ | (Tai-Leng Nationalities Development Party – T.N.D.P) |
| ပအိုဝ်း အမျိုးသားအဖွဲ့ချုပ် | (Pa-O National Organisation– PNO) |
| ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | (Union Solidarity and Development Party – USDP) |
| ပြည်သူ့ရှေ့ဆောင်ပါတီ | (People's Pioneer Party – PPP) |
| ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် | (The Union Election Commission – UEC) |
| ဖက်ဒရယ်ပြည်ထောင်စုပါတီ | (Federal Union Party – FUP) |
| ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | (Shan Nationalities League for Democracy – SNLD) |
| လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ | (Democratic Party for a New Society – DPNS) |
| အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | (National League for Democracy – NLD) |
| အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ | (Democratic Party of National Politics – DNP) |
| အမျိုးသားတိုးတက်ရေးပါတီ | (National Developmet Party – NDP) |

**စာတမ်းအကျဉ်းချုပ်**

၂၀၂၀ ရွေးကောက်ပွဲသည် မြန်မာနိုင်ငံ၏ တတိယအကြိမ်မြောက် အထွေထွေရွေးကောက်ပွဲဖြစ်သည်။ နိုင်ငံရေးပါတီပေါင်း ၉၃ ခုမှ ကိုယ်စားလှယ်ပေါင်း ၆၀၃၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ဒီမိုကရေစီစနစ်သည် လူအများစု၏ သဘောဆန္ဒကို ရယူခြင်းဖြစ်သည့်အတွက် လူနည်းစု၏ သဘောဆန္ဒများကို ဖယ်ချန်ထားလေ့ရှိသည်။ လူ့အခွင့်အရေးစံချိန်စံညွှန်းများအရ လူတစ်ဦးနှင့်တစ်ဦး၏ အခြေခံရပိုင်ခွင့်၊ သဘောဆန္ဒများစသည့် လူ့ဂုဏ်သိက္ခာများသည် တူညီကြပေသည်။ ယဉ်ကျေးမှုကြောင့်ဖြစ်စေ၊ လူတစ်ယောက်ချင်းစီ၏ မနောကြောင့်ဖြစ်စေ အင်အားကြီးသူက အင်အားနည်းသူအပေါ် ဖိနှိပ်လေ့ရှိသည်၊ ခွဲခြားဆက်ဆံလေ့ရှိသည်။ ယခုရွေးကောက်ပွဲတွင်လည်း ပါတီများအနေဖြင့် မဲဆွယ်ကတိစကားများ ပြောသည့်အခါ လူများစု၏ စိတ်ကြိုက်ဖြစ်စေရန် လူနည်းစုအုပ်စုများ၊ ဖယ်ကြဉ်ခံအုပ်စုများအပေါ် ခွဲခြားဆက်ဆံမှုများရှိခဲ့လျှင် အများပြည်သူအနေဖြင့် သိရှိနိုင်စေရန် ရည်ရွယ်၍ သုတေသနပြုလေ့လာစောင့်ကြည့်ခဲ့သည်။

ပါတီများအနေဖြင့် ၎င်းတို့၏ ဖေ့ဘုတ်စာမျက်နှာများပေါ်တွင် မဲဆွယ်ကတိစကားများပြောဆိုရာတွင် အကာအကွယ်ပေးရမည့် အုပ်စုများအပေါ် ခွဲခြားဆက်ဆံမှုမပြုပဲ အကာအကွယ်ပေးမြှင့်တင်သွားမည်ဆိုသည့် ကတိစကားများပြောဆိုခဲ့သည်။ သို့သော် ယခုအစီအရင်ခံစာ၏ သုတေသနနည်းလမ်းအရ စောင့်ကြည့်ရာတွင် ပါတီစာမျက်နှာများပေါ်တွင် ချိုးဖောက်မှုများမတွေ့ရှိရုံနှင့် ပါတီကိုယ်စားလှယ်များသည် လူ့အခွင့်အရေးကို လေးစားသည်ဟု မဆိုနိုင်ပေ။ ယခု ၂၀၂၀ရွေးကောက်ပွဲတွင် ပါတီများ၏ အလွန်အမင်းဝေဖန်ခံရသူသည် ရွေးကောက်ပွဲကော်မရှင်ဖြစ်သည်။

# အခန်း (၁)

## ၁.၁ အကာအကွယ်ပေးရမည့် လူနည်းစု အုပ်စုများနှင့် ဒီမိုကရေစီရွေးကောက်ပွဲ

လူမျိုးရေးအရ ခွဲခြားဆက်ဆံခြင်းကို လျှော့ချနိုင်ရန် ၁၉၇၈ ခုနှစ်တွင် ၁ ကြိမ်၊ ၁၉၈၃ ခုနှစ်တွင် ၁ ကြိမ် ဂျနီဗာမြို့တွင် ၂ ကြိမ်တိုင်တိုင် စတင်ကျင်းပခဲ့သည်။ ယင်းကဲ့သို့ လူ့အခွင့်အရေးအကာအကွယ်ပေးနိုင်ရန်နှင့် ပတ်သက်၍ စက်တင်ဘာလ၊ ၂၀၀၁ ခုနှစ်တွင် ဒါဗန်မြို့၊ အာဖရိကနိုင်ငံတွင် ထပ်မံကျင်းပခဲ့သည်။ ယင်းညီလာခံမှ လူ့အခွင့်အရေးကြေညာချက်တစ်စောင်ထွက်ရှိခဲ့သည်။ "Durban Declaration 2001"ဟု လူသိများပြီး ကြေညာချက်၏ ရည်ရွယ်ချက်မှာ လူမျိုးရေးခွဲခြားရေးမူဝါဒ၊ လူမျိုးရေးခွဲခြားဆက်ဆံခြင်း၊ မျိုးချစ်စိတ်ဓာတ်ပြင်းထန်ခြင်းကြောင့် ပြင်ပသူစိမ်းများကို ကြောက်ရွံ့မုန်းတီးခြင်း (Xenophobia) နှင့် အခြားလူ့အဖွဲ့အစည်းအတွင်း သည်းမခံသင့်သော နှိမ့်ချဆက်ဆံမှုများ ပပျောက်စေရန် ရည်ရွယ်သည်။ ကြေညာချက်သည် အာဖရိကလူမျိုးများ၊ အမေရိကန်နိုင်ငံရှိ အာဖရိကန်ဖွားများနှင့် ကမ္ဘာတစ်ဝန်းရှိ လူ့အဖွဲ့အစည်းတစ်ခုလုံးအတွက် ရည်ရွယ်သည်။ လူနည်းစုအုပ်စုများ၊ ဖယ်ကြဉ်ခံအုပ်စုများအပေါ် ခွဲခြားဆက်ဆံမှုများ၊ နှိမ်ချမှုများကို အကာအကွယ်ပေးနိုင်ရန်ဖြစ်သည်။ အကာအကွယ်ပေးသင့်သော အုပ်စုများနှင့် ပတ်သက်၍ ၂၀၁၀ ခုနှစ်တွင် ယူကေအစိုးရမှ ဦးဆောင်ထုတ်ပြန်ခဲ့သော Equality Act 2010 အရ သတ်မှတ်ထားသည်။

ယနေ့အချိန်ထိ မြန်မာနိုင်ငံတွင် အထွေထွေရွေးကောက်ပွဲပေါင်း ၃ ကြိမ်အထိ ကျင်းပနိုင်ခဲ့သည်။ မြန်မာနိုင်ငံရေး အခြေအနေအရ ဥပဒေပြုနိုင်ရန် လွှတ်တော်တွင် ကိုယ်စားပြုမှုအားလုံး၏ လေးပုံသုံးပုံကို ရွေးကောက်ပွဲများမှ တစ်ဆင့်ရွေးချယ်ခြင်းဖြစ်သည်။ ကျန်ရှိသည့်လေးပုံတစ်ပုံသည် ရွေးကောက်ခြင်းမရှိဘဲ တပ်မတော်မှ ရွေးချယ်နေရာချထားခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၏ ပထမဆုံးရွေးကောက်ပွဲကို ၁၉၄၇ ခုနှစ်တွင် ကျင်းပခဲ့သည်။ ဖက်ဆစ်ဆန့်ကျင်ရေးနှင့် ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်မှ မဲဆန္ဒနယ်အများဆုံးတွင် အနိုင်ရရှိခဲ့ပြီး ကျောင်းသားခေါင်းဆောင် အောင်ဆန်းကို ဝန်ကြီးချုပ်အဖြစ် ရည်ရွယ်ထားသော်လည်း ၁၉၄၇ ခုနှစ်၊ ဂျူလိုင် ၁၉ ရက်တွင် လုပ်ကြံခံခဲ့ရ၍ ဦးနုသည် ဝန်ကြီးချုပ်ဖြစ်ခဲ့သည်။ ပြည်တွင်းစစ်များကြောင့် ဂိုဏ်းဂဏများကွဲလာပြီးနောက် အစိုးရမှ အဓိကကျသည့် နေရာများကို ထိန်းချုပ်လာနိုင်သည့် အချိန်တွင် ၁၉၅၁-၅၂ တွင် ရွေးကောက်ပွဲကို နောက်တစ်ကြိမ် ပြန်လည်ကျင်းပခဲ့သည်။ ၁၉၆၂၊ မတ်လ ၂ရက်နေ့တွင် ဦးနေဝင်းမှ စစ်တပ်ကိုဦးဆောင်၍ အာဏာသိမ်းခဲ့သောကြောင့် အနိုင်ရပါတီသည် သက်တမ်းစေ့ ကိုယ်စားပြုမှုမရရှိခဲ့ပေ။ မြန်မာနိုင်ငံ၏ ဒုတိယအကြိမ်မြောက် ရွေးကောက်ပွဲကို ၁၉၉၀ ခုနှစ်တွင် ကျင်းပခဲ့

သည်။ အမျိုးသားဒီမိုကရေစီပါတီမှ အနိုင်ရရှိခဲ့သော်လည်း စစ်တပ်မှ အာဏာကို လွှဲပြောင်းပေးခြင်းမရှိပဲ ၂၀၁၀ ခုနှစ်အထိ အုပ်ချုပ်ခဲ့သည်။ ၂၀၁၀ အထွေထွေရွေးကောက်ပွဲတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုး အသင်းမှ အနိုင်ရရှိခဲ့သည်။

မြန်မာနိုင်ငံ၌ ၂၀၁၁ခုနှစ်နောက်ပိုင်းတွင် နိုင်ငံရေး၊ စီးပွားရေးနှင့် ပတ်သက်၍ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့သည်။ ၂၀၁၅အထွေထွေရွေးကောက်ပွဲတွင် ပါတီပေါင်းစုံ ဝင်ရောက်ယှဉ်ပြိုင် အရွေးချယ်ခံပိုင်ခွင့် ရရှိခဲ့ကြပြီး မဲလာပေးသူ ၂၃ သန်းကျော် ၇၀ ရာခိုင်နှုန်း မဲပေးခဲ့ကြသည်။ မြန်မာနိုင်ငံ၏ တတိယအကြိမ်မြောက် ဖြစ်သည့် ၂၀၂၀ အထွေထွေရွေးကောက်ပွဲကို နိုဝင်ဘာ ၈ ရက်က ကျင်းပခဲ့သည်။ ဆန္ဒမဲပေးနိုင်သူ အရေအတွက် ၃၇ သန်းကျော် ရှိသည်ဟု သိရသည်။ ကမ္ဘာကပ်ရောဂါ ဖြစ်ပွားနေသည့် ကာလဖြစ်သည့် အတွက် စိုးရိမ်မှုများဖြင့် ဝေဖန်ပြောဆိုမှုများ ရှိခဲ့သော်လည်း ရွေးကောက်ပွဲကို ကန့်သတ်မဲဆန္ဒနယ်များ မှလွဲ၍ ကျင်းပနိုင်ခဲ့သည်။ ယခုအချိန်တွင် အနိုင်ရပါတီစာရင်းများလည်း ထွက်ပေါ်လာပြီး မကြာမီကာလ အတွင်း လွှတ်တော်အသစ်နှင့် ပြန်လည်စတင်လည်ပတ်နိုင်တော့မည်။

ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံတွင် ရွေးကောက်ပွဲများ ကျင်းပပြီး ပြည်သူများ၏ကိုယ်စား နိုင်ငံ့အရေးများကို ဆောင်ရွက်ခြင်းသည် ဒီမိုကရေစီမူဘောင်၏ လိုအပ်ချက်များထဲမှ တစ်ခုဖြစ်သည်။ ဒီမိုကရေစီကျင့်သုံးသော နိုင်ငံတစ်နိုင်ငံအနေဖြင့် လွတ်လပ်ပွင့်လင်းပြီး၊ တရားမျှတသော ရွေးကောက်ပွဲများကျင်းပရန် လိုအပ်သကဲ့သို့ အခြားသော လူ့အခွင့်အရေးများကိုလည်း အလေးထားပြီး စံချိန်ပြည့်မီအောင် လုပ်ဆောင်သင့်သည်။ ထို့ကြောင့် ၂၀၂၀ ရွေးကောက်ပွဲအတွက် ကိုယ်စားလှယ်များ၏မဲဆွယ်ကာလ အွန်လိုင်းကမ်ပိန်းများနှင့် ပတ်သက်၍ ပါတီများ၏ ဖေ့ဘွတ်စ်စာမျက်နှာများကို လေ့လာစောင့်ကြည့်မှုများပြုလုပ်ခဲ့သည်။ ပါတီအနေဖြင့် လာမည့် ၅ နှစ်တာအတွင်း လွှတ်တော်ထဲသို့ ဝင်ရောက်ပြီး ပြည်သူကိုယ်စားပြုပြောဆိုမှုများ ပြုလုပ်နိုင်ရန်အတွက် ကိုယ်စားလှယ်တစ်ဦးချင်းအနေဖြင့်ဖြစ်စေ၊ ပါတီတစ်ခုချင်းစီအလိုက်ဖြစ်စေ၊ မဲဆွယ်စည်းရုံးရာတွင်ဖြစ်စေ လူအဖွဲ့စည်းကို အကျိုးပြုနိုင်သောမူဝါဒများရှိရန်လိုအပ်သည်။ အထူးသဖြင့် မဲဆွယ်ကတိစကားများ ပြောရာတွင် ကိုယ်စားလှယ်လောင်းများအနေဖြင့် လူ့အခွင့်အရေးအပေါ် မည်မျှ အလေးထားသည်ကို သိရှိနိုင်ရန် စောင့်ကြည့်လေ့လာပြီး သုတေသနပြုလုပ်ခဲ့ပါသည်။ ဒီမိုကရေစီစနစ်၏ အားနည်းချက်ဟု ဆိုနိုင်မည့် လူများစုသဘောထားဆန္ဒကို ဦးစားပေးရသည့်အတွက် လူနည်းစုအုပ်စုများ၏ အခွင့်အရေးများ၊ အသံများကို ဖယ်ချန်ခဲ့လေ့ရှိသည်။ ထို့ကြောင့် လူထုကိုယ်စားပြုမည့် ကိုယ်စားလှယ်လောင်းများအနေဖြင့် နောင်လာမည့် ၅ နှစ်တာကာလအတွက် မဲဆွယ်စည်းရုံးရာတွင် လူများစုအကြိုက်

ဆောင်၍ လူနည်းစုအုပ်စုများကို နိုင်ငံရေးအရအောင်နိုင်ရန် ဖိနှိပ်ခြင်းမပြုပဲ ပြည်သူအားလုံးအပေါ် ကိုယ်စားပြုရန်လိုအပ်သည်။

## ၁.၂ သုတေသနနည်းလမ်း

အသံအဖွဲ့အနေဖြင့် အွန်လိုင်းမီဒီယာတွင် Facebook လူမှုကွန်ယက်စာမျက်နှာပေါ်တွင် အဓိကထားစောင့်ကြည့်လေ့လာမှုပြုလုပ်ခဲ့ပါသည်။

- အရေအတွက်ပြနည်းလမ်းကို အသုံးပြုကာ ရရှိလာသောအချက်အလက်များကို sentiment နည်းလမ်းဖြင့် ခွဲခြမ်းစိတ်ဖြာကာ အသေးစိတ်စမ်းစစ်မှုများပြုလုပ်ခဲ့ပါသည်။
- ခွဲခြားဆက်ဆံရသည့် ကိစ္စရပ်များနှင့်ပတ်သက်၍ အပြည်ပြည်ဆိုင်ရာသဘောတူညီစာချုပ်များပါ အဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့်အညီ မှတ်တမ်းတင်လုပ်ဆောင်ခဲ့ပါသည်။
- ခွဲခြားဆက်ဆံရမှုများနှင့်ပတ်သက်၍ ပြောဆိုသည့် စကားရပ်များတွင် သာမန်အတိုင်းထည့်သွင်းသုံးစွဲမှု၊ စကားလုံးများပြင်းပြင်းထန်ထန် ထည့်သွင်းပြောဆိုမှုနှင့် အကြမ်းဖက်မှုများဖြစ်လာစေရန် လှုံ့ဆော်မှုတို့ဖြင့် တိုင်းတာသတ်မှတ်လုပ်ဆောင်ခဲ့ပါသည်။
- စောင့်ကြည့်လေ့လာမှုအနေဖြင့် ရွေးကောက်ပွဲတွင်ပါဝင်ယှဉ်ပြိုင်သော ပါတီ ၉၃ ခုထဲတွင် စုစုပေါင်း ပါတီ ၆၅ ခုသည် လူမှုကွန်ယက် စာမျက်နှာများအသုံးပြုကာ အွန်လိုင်းမဲဆွယ်မှုများကို ပြုလုပ်လျက်ရှိသည်ကိုတွေ့ရသည်။ ၎င်းတို့အထဲမှ ပါတီ ၄၉ ခု၏ ဖေ့ဘွတ်စာမျက်နှာ စုစုပေါင်း ၃၂၈ မှ ပို့စ်ပေါင်း ၈၂၀၆ ကို မှတ်တမ်းရယူနိုင်ခဲ့သည်။ ယင်းဖေ့ဘွတ်စာမျက်နှာပေါင်း ၃၂၈ ခုသည် ပါတီ ၁ ခုချင်းစီ၏ ဗဟိုစာမျက်နှာများ၊ မြို့နယ်၊ ခရိုင်အလိုက် ဖွင့်ထားသော စာမျက်နှာများ ဖြစ်သည်။
- စောင့်ကြည့်လေ့လာရာတွင် ခွဲခြားဆက်ဆံမှုများ၌ အသုံးများသည့် စကားလုံး ၁၀၆ လုံးကို ပြုစု၍ ထိုစကားလုံးများပါသည့် ပို့စ်ပေါင်း ၅၁၀၄ ခုကို ရွေးချယ်စစ်ထုတ်ကာ၊ နမူနာပို့စ်ပေါင်း ၁၄၃၄ ခုကို စစ်ထုတ်ခဲ့သည်။ ယင်းပို့စ် တစ်ခုချင်းဆီကို ဆန်းစစ်၍ သုတေသနပြုထားခြင်းဖြစ်သည်။
- အစီရင်ခံစာ လေ့လာစောင့်ကြည့်သည့်ကာလသည် မဲဆွယ်ကာလစတင်သည့် စက်တင်ဘာ ၆ ရက်နေ့မှ နိုဝင်ဘာလ ၆ ရက်နေ့အထိနှင့် ရွေးကောက်ပွဲပြီးနောက် ရက်သတ္တပတ်အတွင်း ဖြစ်သည်။
- ပါတီများ၏ မဲဆွယ်ကတိစကားများကို ဖော်ပြရာတွင် **ပြည်မအခြေစိုက်နိုင်ငံရေးပါတီနှင့် တိုင်းရင်းသားနိုင်ငံရေးပါတီ**ဟူ၍ ၂ စုခွဲကာ ဖော်ပြမည်ဖြစ်သည်။ ဤကဲ့သို့ အုပ်စု ၂ စုခွဲဖော်ပြရခြင်းသည် လူ့အခွင့်အရေး ကာကွယ်မြှင့်တင်ခြင်း၊ ချိုးဖောက်ခြင်းများကို ဖော်ပြရာတွင် ကိုယ်စားပြုယှဉ်ပြိုင်သည့် နေရာဒေသကိုအခြေခံ၍ ပါဝင်သည့်အချိုးနှင့် Sample size တူညီစေရန် ရည်ရွယ်သည်။

- ဤသုတေသနအစီရင်ခံစာတွင် အသုံးပြုထားသော ပြည်မအခြေစိုက်နိုင်ငံရေးပါတီဟူသည့် အသုံးအနှုန်းမှာ **Nationwide** ပါတီများ (တစ်နည်း) တစ်နိုင်ငံလုံးအနှံ့မဲဆန္ဒနယ်များတွင် ဝင်ရောက်ယှဉ်ပြိုင်သည့် ပါတီများ၊ ရန်ကုန်၊ မန္တလေးစသည့် တိုင်းဒေသကြီးများတွင် ဗဟိုရုံးချုပ်ထားရှိသော ပါတီများ ကိုဆိုလိုသည်။ တိုင်းရင်းသားနိုင်ငံရေးပါတီဟု သတ်မှတ်ရာတွင် လူမျိုး/လူမျိုးစုအမည် တစ်ခုကို အခြေခံသောပါတီများ၊ လူမျိုးစုအခြေပြုပါတီများ၊ ပြည်နယ်/ဒေသတစ်ခုကို ကိုယ်စားပြုသော ပါတီများ ပါဝင်သည်။

သုတေသန၏ ပင်မစောင့်ကြည့်မှုသည် ပါတီများ၏မဲဆွယ်စည်းရုံးမှုများသည် အကာအကွယ်ပေးရမည့် ဝိသေသလက္ခဏာများအပေါ် ခွဲခြားဆက်ဆံမှုများ၊ နှိမ်ချပြောဆိုခြင်းများကို လေ့လာစောင့်ကြည့်၍ မှတ်တမ်းရယူခြင်း ဖြစ်သည်။ **Sentiment** နည်းအရ ခွဲခြမ်းစိတ်ဖြာမှုများကိုပြုလုပ်သည်။ ပါတီတစ်ခုမှ သူတို့၏ အွန်လိုင်းပေါ်တွင် မဲဆွယ်စည်းရုံးသောစကားများ၏ ဆိုလိုရင်းသည် မည်မျှသက်ရောက်မှု ဖြစ်စေနိုင်သနည်း၊ ခွဲခြားဆက်ဆံမှုကို ဦးတည်စေသလား၊ မည်သို့သော စိတ်ခံစားချက်များကို လှုံ့ဆော်ပေးသလဲ စသည်ဖြင့် စကားလုံးများ၏ အတိမ်အနက်ကို ခွဲခြမ်းစိတ်ဖြာခြင်းဖြစ်သည်။ အကာအကွယ်ပေးသင့်သော အုပ်စုများနှင့် ပတ်သက်၍ ၂၀၁၀ ခုနှစ်တွင် ယူကေအစိုးရမှ ဦးဆောင်၍ ထုတ်ပြန်ခဲ့သော **Equality Act 2010** အရ သတ်မှတ်ထားသည်။ အကာအကွယ်ပေးရမည့် အုပ်စုများမှာ (၁) အသက်အရွယ်၊ (၂) ကိုယ်အင်္ဂါမသန်စွမ်းသူ၊ (၃) ကျား၊ မ ဖြစ်တည်မှု၊ (၄) လက်ထပ်ထိမ်းမြားခြင်း၊ (၅) ကိုယ်ဝန်ဆောင်သည်နှင့် မိခင်နှင့်ဆိုင်သော၊ (၆) လူမျိုးရေး၊ (၇) ဘာသာရေးနှင့် ကိုးကွယ်ယုံကြည်မှု၊ (၈) လိင်နှင့် (၉) လိင်ပိုင်းဆိုင်ရာတိမ်းညွတ်မှု စသည်တို့ ပါဝင်သည်။ ယခုသုတေသနပြုလေ့လာစောင့်ကြည့်မှုတွင် အထက်ပါ အုပ်စု ၉ ခုကို ချုံ့ပြီး၊ အုပ်စု ၅ စုခွဲကာ စောင့်ကြည့်ခဲ့သည်။ လေ့လာတွေ့ရှိချက်များကို ဖော်ပြရာတွင် ဦးစားပေးအဆင့်တွင် (၁) ဘာသာရေးအခြေခံ၍ မဲဆွယ်စည်းရုံးခြင်း၊ (၂) လူမျိုးစုအရေးအခြေခံ၍ မဲဆွယ်စည်းရုံးခြင်းနှင့် တိုင်းရင်းသားဖြစ်တည်မှုအခြေခံ၍ မဲဆွယ်စည်းရုံးခြင်း၊ (၃) ကျား၊ မ တန်းတူအခွင့်အရေးအပေါ်အခြေခံ၍ မဲဆွယ်စည်းရုံးခြင်း၊ (၄) အသက်အရွယ်နှင့် ကိုဗစ်ကာလအတွင်း ကျန်းမာရေးအလေးထားမှုကို အခြေခံ၍ မဲဆွယ်စည်းရုံးခြင်းစသည့် အခန်းကဏ္ဍများနှင့် ပတ်သက်၍ တွေ့ရှိချက်များကို ဖော်ပြသွားပါမည်။ ဦးစားပေး ဒုတိယအဆင့်တွင် ပါတီများ၏ နိုင်ငံရေးနှင့် ပတ်သက်၍ မဲဆွယ်ပြောဆိုရာတွင် အများဆုံးအသုံးချလေ့ရှိသည့် အိုင်ဒီယာ ၂ ခုကိုလည်း ဖော်ပြသွားပါမည်။ ထို့အပြင် ရွေးကောက်ပွဲတစ်ခု၏ အခရာဖြစ်သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (**UEC**) နှင့်ပတ်သက်၍ ပါတီများ၏ ပြောဆိုချက်များ၊ ဝေဖန်မှုများကို ဖော်ပြသွားပါမည်။

## ပင်မစောင့်ကြည့်သည့်အကြောင်းအရာ

| အကဲဖြတ်မှုအဆင့် | 0 | 1 | 2 | −1 | −2 |
|---|---|---|---|---|---|
| **ဘာသာရေး အခြေခံ၍ မဲဆွယ် စည်းရုံးခြင်း** | အကောင်း၊ အဆိုး မဝေဖန်ပဲ ထည့်သွင်း ဖော်ပြခြင်း။ | ဘာသာတစ်ခုနှင့် ပတ်သက်၍ အပြုသဘောဆောင် ရေးသားခြင်း။ | ဘာသာတစ်ခု တိုးတက်စေရန် လုပ်ဆောင်ပေးခြင်း၊ အားပေးထောက်ခံခြင်း။ | ဘာသာတစ်ခု၏ ဖြစ်တည်မှုနှင့် ပတ်သတ်၍ လက်မခံခြင်း၊ သဘောမတူခြင်း၊ အဆိုးပြောခြင်း။ | ဘာသာတစ်ခု၏ ဖြစ်တည်မှုအား အလွန့်အလွန် ရှုံ့ချခြင်း၊ ပြင်းပြင်းထန်ထန် ဝေဖန်ခြင်း။ |
| **လူမျိုးစုအရေး အခြေခံ၍ မဲဆွယ် စည်းရုံးခြင်း** | အကောင်း၊ အဆိုး မဝေဖန်ပဲ ထည့်သွင်း ဖော်ပြခြင်း။ | လူမျိုးစုအရေးနှင့် ပတ်သက်၍ အပြုသဘောဆောင် ရေးသားခြင်း။ | လူမျိုးစုတစ်စု၏ အရေးအား အထူးအလေးပေး ပြောဆိုခြင်း၊ ကာကွယ် မြှင့်တင်ပေးခြင်း။ | လူမျိုးစုရေးနှင့် ပတ်သက်၍ အဆိုးမြင် ပြောဆို ရေးသားခြင်း။ | လူမျိုးစုတစ်စုအား ဦးတည်တိုက်ခိုက်ခြင်း၊ ပဋိပက္ခဖြစ်စေရန် ရည်ရွယ် ရေးသားခြင်း။ |
| **ကျား/မ လိင် အခြေခံ၍ မဲဆွယ် စည်းရုံးခြင်း** | ကျား/မ လိင် နှင့်ပတ်သတ်၍ ထည့်သွင်း ပြောဆိုခြင်း။ | ကျား/မတန်းတူရရှိစေရေးအပေါ် အပြုသဘောဆောင် ရေးသားခြင်း။ | ကျား/မတန်းတူရရှိ စေရေးနှင့် ပတ်သက်၍ ပံ့ပိုးကူညီပေးခြင်း၊ အားပေးကူညီခြင်း။ | လိင်ပိုင်းဆိုင်ရာ ခွဲခြားဆက်ဆံသည့် သဘောဆောင်ခြင်း။ | လိင်ပိုင်းဆိုင်ရာ ခွဲခြားဆက်ဆံမှုနှင့် ပတ်သက်၍ အတိအလင်း ပြောကြားခြင်း။ |
| **မသန်စွမ်းမှု အပေါ် အခြေခံ၍ မဲဆွယ်စည်းရုံးခြင်း** | ကိုယ်လက်အင်္ဂါ မသန်စွမ်းမှုနှင့် ပတ်သက်၍ ရေးသားဖော်ပြခြင်း။ | ကိုယ်လက်အင်္ဂါ မသန်စွမ်းမှုနှင့် ပတ်သက်၍ ကာကွယ် စောင့်ရှောက်ပေး ခြင်း။ | ကိုယ်လက်အင်္ဂါ မသန်စွမ်းမှုနှင့် ပတ်သက်၍ တန်းတူအခွင့်အရေးများ ရရှိနိုင်စေရန် ကတိကဝတ်ပြုခြင်း။ | ကိုယ်လက်အင်္ဂါ မသန်စွမ်းမှုနှင့် ပတ်သက်၍ ဝေဖန်အပြစ်တင်ခြင်း။ | ကိုယ်လက်အင်္ဂါ မသန်စွမ်းမှုနှင့် ပတ်သက်၍ ခွဲခြားဆက်ဆံမှုများ ပြုလုပ်ခြင်း။ |
| **ကျန်းမာရေး (သေစေနိုင်သော ရောဂါလက္ခဏာ) အခြေခံ၍ မဲဆွယ် စည်းရုံးခြင်း** | ကျန်းမာရေးနှင့်ပတ်သက်၍ ထည့်သွင်း ဖော်ပြခြင်း။ | ကျန်းမာရေးနှင့် ပတ်သက်၍ အပြုသဘောဆောင် ရေးသားခြင်း။ | ကျန်းမာရေးနှင့် ပတ်သက်၍ ထောက်ပံ့ခြင်း၊ မူဝါဒများရှိနေခြင်း။ | ကျန်းမာရေးနှင့် ပတ်သက်၍ အလေးမထားခြင်း။ | ကျန်းမာရေးနှင့် ပတ်သက်၍ အလွန့်အလွန် ဝေဖန်ပုတ်ခတ်ခြင်း။ |

## အခန်း (၂)

## လေ့လာတွေ့ရှိချက်များနှင့် ဖြစ်စဉ်တင်ပြမှု

### ၂.၁ လူမျိုးရေး/လူမျိုးစုနှင့် အမျိုးသားရေးကဏ္ဍတို့မှ မဲဆွယ်မှုများ

မြန်မာနိုင်ငံတွင် လူမျိုးစုပေါင်းစုံနေထိုင်ကြသည်။ ထိုအချက်အပေါ် မူတည်၍ မဲဆွယ်စည်းရုံးရာတွင် လူမျိုးကို အခြေတည်ကာ စည်းရုံးမှုများရှိသည်။ ထို့သို့ မဲဆွယ်စည်းရုံးရာတွင် ပြည်မအခြေစိုက် နိုင်ငံရေးပါတီများမှ အင်အားကြီးလူမျိုးကို အခြေပြု၍ မဲဆွယ်မှုနှင့် တိုင်းရင်းသားနိုင်ငံရေးပါတီများတွင် နည်းစုလူမျိုးများကို အခြေတည်သော မဲဆွယ်စည်းရုံးမှုဟူ၍ နှစ်မျိုးခွဲခြားနိုင်သည်။

ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၅၈ (ဂ) တွင် လူမျိုးရေးကိုဖြစ်စေ၊ ဘာသာရေးကို ဖြစ်စေ အကြောင်းပြု၍ ဆန္ဒမဲပေးရန်သော်လည်းကောင်း၊ ဆန္ဒမဲမပေးရန်သော်လည်းကောင်း ပြောဆိုခြင်း၊ ဟောပြောခြင်း၊ ကြေညာချက်ထုတ်ပြန်ခြင်း သို့မဟုတ် ယင်းသို့ပြုလုပ်ရန် အားပေးလှုံ့ဆော်ခြင်း မပြုလုပ်ရန် တားမြစ်ထားသည်။ ထိုအချက်ကို ကျူးလွန်ကြောင်း သို့မဟုတ် ကျူးလွန်ရန်အားပေးကူညီကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟု ပြဋ္ဌာန်းထားသည်။[1]

ခွဲခြားဆက်ဆံမှုမှ တစ်ဆင့်ဖြစ်ပေါ်လာသည့် အန္တရာယ်ရှိသောစကားများကို ထုတ်ဖော်ပြောဆိုမှု၏ ရည်ရွယ်ချက်များတွင် သွေးထိုးလှုံ့ဆော်တိုက်တွန်းရန်ရည်ရွယ်ခြင်း၊ ကာကွယ်ရမည့်အုပ်စုကို ၎င်းတို့ပိုင်ဆိုင်ထားသည့် ကာကွယ်ရမည့် ဝိသေသလက္ခဏာများကြောင့် ပစ်မှတ်ထားရန်ရည်ရွယ်ခြင်းနှင့် ၎င်းအချိန်အခါ ၎င်းအခြေအနေတစ်ခုတွင် ဤကဲ့သို့ ထုတ်ဖော်ပြောဆိုပြသမှုက ခွဲခြားဆက်ဆံခြင်း၊ ရန်လိုခြင်း (သို့မဟုတ်) အကြမ်းဖက်ခြင်းစသည့် မလိုလားအပ်သော ရလဒ်ပေါ်ထွက်လာမည်ကို သိရှိခြင်းတို့ပါဝင်သည်။[2]


တွေ့ရှိချက်အရ လူမျိုးရေးဆိုင်ရာအမည်နာမများထည့်သွင်းသုံးစွဲကာ မဲဆွယ်စည်းရုံးခြင်းကို တိုင်းရင်းသားနိုင်ငံရေးပါတီများက အများဆုံးအသုံးပြုကာ မဲဆွယ်စည်းရုံးခဲ့သည်ကို တွေ့ရှိရသည်။ ထိုအထဲတွင် ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (CNLD) မှာ အများဆုံးဖြစ်ပြီး အကြိမ်အရေအတွက်အားဖြင့် ၈

---

[1] https://www.mlis.gov.mm/lsScPop.do?lawordListId=51432

[2] Article 19. (2005), A Toolkit: 'Hate Speech' Explained (2005 Version) P.78

ကြိမ်၊ ဒုတိယအများစုမှာ အခြားသော တိုင်းရင်းသားနိုင်ငံရေးပါတီများဖြစ်ကြပြီး ၆ ကြိမ်တိုင် ပြောဆိုမဲဆွယ်ခဲ့သည်ကို တွေ့ရှိရသည်။


ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်-တောင်ကုတ်မြို့နယ်

Send Message

Like

မေး - ရွေးကောက်ပွဲအောင်နိုင်ရေးအတွက် ဘာတွေပြင်ဆင်ထားပြီးပြီလဲ။

ဖြေ - လွှတ်တော်ထဲကနေ ဝင်ရောက်ပြောဆိုဆွေးနွေးနိုင်မှသာ ရခိုင်ပြည်သူပြည်သားများ၊ တောင်ကုတ်သားတွေရဲ့အကျိုးကို ထိရောက်စွာဆောင်ရွက်နိုင်မယ်လို့ ကျွန်မအနေနဲ့ ယုံကြည်တယ်။ ဒါကြောင့် တောင်ကုတ်မဲဆန္ဒနယ်ပြည်သူတွေက သူတို့ရဲ့ကိုယ်စားလှယ်အဖြစ် ယုံကြည်စွာရွေးချယ်နိုင်အောင် ကျွန်မအနေနဲ့ အလုပ်ဖြင့် ကြိုးစားသက်သေပြသွားမှာ ဖြစ်တယ်။ ကျွန်မကို ကိုယ်စားလှယ်တစ်ယောက်အနေနဲ့ ယုံကြည်စွာရွေးချယ်ခဲ့မယ်ဆိုရင် အခြားကိုယ်စားလှယ်များနဲ့အတူ ပူးပေါင်းပြီး ကောင်းမွန်တဲ့ မနက်ဖြန်ရရှိစေမယ့် ရခိုင်ပြည်နယ်အတွက် ဒီနေ့ကစပြီး အစီအစဉ်ချ လုပ်ဆောင်သွားပါမယ်။

မေး - တောင်ကုတ်မဲဆန္ဒနယ်မှာ အာဏာရNLDပါတီနဲ့ ရခိုင်အမျိုးသားပါတီတွေ အားကောင်းတဲ့နေရာ ဖြစ်တယ်။ အကြိတ်အနယ်ယှဉ်ပြိုင်ရမယ့် သဘောရှိတဲ့ ရွေးကောက်ပွဲအပေါ်မှာ ဘာပြောချင်ပါသလဲ။


ဖြေ - ငယ်ငယ်တုန်းက ကျွန်မ ရေကူးပြိုင်ပွဲတွေမှာ သူများတွေကို နိုင်ချင်ဇောထက် ကိုယ့်အတွက် သတ်မှတ်ထားတဲ့လိုင်းကနေ ကိုယ်စွမ်းအားရှိသလောက် ကြိုးစားကူးခတ်သွားခဲ့ပါတယ်။ ဒီလိုပဲ အခုရွေးကောက်ပွဲမှာ ကျွန်မအနေနဲ့ ရိုးသားသန့်ရှင်းစွာ ပါဝင်ယှဉ်ပြိုင်သွားမှာပါ။







*ပုံ – ၂.၁.၁ လူမျိုးစုအမည်နာမ ထည့်သွင်းပြောဆိုသည့် ပါတီများ*




*ပုံ – ၂.၁.၂ နိုင်ငံရေးပါတီများမှ လူမျိုးစုအမည်နာမ ထည့်သွင်းပြောဆိုသည့် အမျိုးအစားပြဇယား*


လူမျိုးအရေးနှင့်စပ်လျဉ်း၍ လူမျိုးစုကြီးများမှ လူမျိုးအခြေခံမဲဆွယ်စည်းရုံးမှုတွင် အမျိုးသားရေးကဏ္ဍကို ဦးတည်နေပြီး လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုကို ပိုမိုတိုးပွားစေရန် ဦးတည်ပြီး၊ တိုင်းရင်းသားနိုင်ငံရေးပါတီများမှ လူမျိုးရေးမဲဆွယ်စည်းရုံးမှုများသည် လူမျိုးစုဖွံ့ဖြိုးတိုးတက်ရေးနှင့် တန်းတူညီမျှမရှိသည့် အခြေအနေကို တောင်းဆိုရန် ရည်ရွယ်ချက်များဖြင့် မဲဆွယ်စည်းရုံးခဲ့သည်ကို လေ့လာတွေ့ရှိရသည်။ လေ့လာတွေ့ရှိချက်အရ ရွေးကောက်ပွဲကာလအတွင်း လူမျိုးစုအရေး၊ လူမျိုးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ မဲဆွယ်စည်းရုံးမှု အကြိမ်ရေ ၂၇ ကြိမ် တွေ့ရှိခဲ့ရသည်။

### ပြည်မအခြေစိုက် နိုင်ငံရေးပါတီများ၏ မဲဆွယ်စည်းရုံးမှုများတွင် တွေ့ရှိချက်များအနေဖြင့်

(၁) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) အနေဖြင့် လူမျိုးရေးကိစ္စကို ထည့်သွင်းပြောဆို၍ မဲဆွယ်ရာတွင် အများဆုံးဖြစ်ခဲ့ပြီး၊ လူမျိုးတစ်မျိုးကို အထူးအလေးပေးပြောဆိုမှု ၃ ကြိမ်တိုင်ရှိခဲ့သည်။ စုစုပေါင်း ၈ ကြိမ်တိုင်ပြုလုပ်ခဲ့သည်ကို တွေ့ရှိရသည်။ ထိုမဲဆွယ်သည့် ပို့စ်များတွင် ကြိုက်နှစ်သက်သူ ၄၁၇၆ ဦး၊ ပြန်လည်ဝေမျှသူ ၉၁၈ ဦး၊ ထင်မြင်ချက်ပေးသူ ၈၁၇ ဦး ရှိခဲ့သည်။

(၂) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (NLD) အနေဖြင့် မဲဆွယ်ရာတွင် လူမျိုးစု(တိုင်းရင်းသား)များကို အခွင့်အရေးများပေးခြင်း၊ တန်းတူညီမျှမှုများ ဖန်တီးပေးသည်ဟူသော အပြုသဘောဆောင်သည့် စကားရပ်များကို ထည့်သွင်းအသုံးပြုခဲ့ပြီး၊ လူမျိုးကြီးအခန်းကဏ္ဍကို လျှော့ချကာ အမျိုးသားရေးကဏ္ဍကို အနုတ်သဘောဆောင်သည့် အမြင်ဖြင့် ပြောဆိုမှု ၂ ကြိမ်တိုင် ပြုလုပ်ကာ အွန်လိုင်းမဲဆွယ်စည်းရုံးမှုများ ပြုလုပ်ခဲ့သည်။ ထိုမဲဆွယ်ပို့စ်များတွင် ကြိုက်နှစ်သက်သူ ၄၇၄ ဦး၊ ပြန်လည်ဝေမျှသူ ၁၀၀ ဦးနှင့် ထင်မြင်ချက်ပေးသူ ၃၄ ဦး ရှိခဲ့သည်။

(၃) ပြည်သူ့ရှေ့ဆောင်ပါတီ (PPP) သည် လူမျိုးရေးဆိုင်ရာကိစ္စရပ်ကို သာမန်အတိုင်းထည့်သွင်း ပြောဆိုခဲ့မှု ၄ ကြိမ်တိုင်ရှိခဲ့သည်။




*ပုံ – ၂.၁.၃ ပြည်မအခြေစိုက်နိုင်ငံရေးပါတီများမှ အမျိုးသားရေးထည့်သွင်းပြောဆိုသည့် အမျိုးအစားပြဇယား*

သမိုင်းကြောင်းအခြေခံ၍ ပေါ်ပေါက်လာသော လူမျိုးစုပဋိပက္ခများ၊ ခွဲခြားဆက်ဆံခံရမှုများသည် လူမျိုးစုများအချင်းချင်းအကြား သံသယစိတ်များအရင်းခံနေပြီး၊ အွန်လိုင်းပေါ်တွင် အဆိုပါအချက်များဖြင့် ချိတ်ဆက်နေကာ မုန်းတီးသောပြောဆိုမှုများ၊ ရန်လိုခြင်းများ၊ ခွဲခြားဆက်ဆံခြင်းများကို ရေးသားပြောဆိုလိုက်ပါက အန္တရာယ်ရှိသောစကားအဖြစ်အသွင်ဖြစ်ကာ ပဋိပက္ခများဖြစ်ပေါ်လာစေသည်။ ခွဲခြားဆက်ဆံ

ရမှုများထဲတွင် ကာကွယ်ပေးရမည့် ဝိသေသလက္ခဏာများထဲ၌ လူမျိုးစုအရေးမှာ တစ်ခုအပါအဝင်ဖြစ်သည်။[3]

တိုင်းရင်းသားနိုင်ငံရေးပါတီများသည် သက်ဆိုင်ရာလူမျိုးများ၏ အခွင့်အရေးရရှိရန်အတွက် မဲဆွယ်စည်းရုံးကြသည်ကို တွေ့ရှိရသည်။ ယင်းပါတီများ၏ အမြင်သဘောထားများသည် ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ လူမျိုးစုအမှတ်လက္ခဏာများဖြစ်ကြသည့် စာပေ၊ ယဉ်ကျေးမှုမပျောက်ပျက်စေရေးစသည့် အချက်များဖြင့် မဲဆွယ်စည်းရုံးမှုများရှိခဲ့သည်။

ဒီမိုကရေစီစနစ်အကောင်အထည်ဖော်ရာတွင် လူနည်းစုများအပေါ် သဘောထားကြီးမှုလိုအပ်သည်။ အထူးသဖြင့် နိုင်ငံရေးအရ တန်းတူညီသောအခြေအနေတစ်ရပ်ဖန်တီးပေးထားသင့်ပြီး နိုင်ငံသားများ၏ မွေးရာပါအခွင့်အရေးများဖြစ်သည့် အခြေခံလွတ်လပ်ခွင့်များနှင့် လူ့အခွင့်အရေးများရရှိရမည်ဖြစ်သည်။[4] ပြည်တွင်းစစ်ပဋိပက္ခများနှင့် ပတ်သက်၍ ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ ဘုံနိုင်ငံရေးရည်မှန်းချက်တွင် ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်အခွင့်အရေးများ အာမခံချက်အပြည့်အဝရှိသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးသည် တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ နှစ်ပေါင်း ၇၀ ကြာ တစိုက်မတ်မတ်တောင်းဆိုခဲ့သော တောင်းဆိုချက်များဖြစ်သည်။[5] ထိုအချက်များအပေါ် မူတည်၍ ရွေးကောက်ပွဲကာလအတွင်း မဲဆွယ်စည်းရုံးမှုများကို တိုင်းရင်းသားနိုင်ငံရေးပါတီများမှ ပြုလုပ်ခဲ့သည်ကို လေ့လာတွေ့ရှိရသည်။

(၁) တိုင်းရင်းသားနိုင်ငံရေးပါတီများထဲတွင် ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (CNLD) အနေဖြင့် အွန်လိုင်းမဲဆွယ်မှုများတွင် ချင်းလူမျိုးစုများကို ဆွယ်စည်းရုံးရာတွင် ချင်းလူမျိုးစုတို့၏ အမျိုးသားရေးကဏ္ဍအတွက် အများဆုံးမဲဆွယ်စည်းရုံးခဲ့သည်ကို တွေ့ရှိရသည်။

(၂) ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ (PNO) အနေဖြင့် ပအိုဝ်းလူမျိုးစုများအရေးနှင့် ပတ်သက်၍ လူမျိုးစုတစ်စု၏အရေးအား အထူးအလေးပေးပြောဆိုခြင်း၊ ကာကွယ်မြှင့်တင်ပေးခြင်းကို ပြုလုပ်ခဲ့သည်။ ဒုတိယအများဆုံး ဖြစ်သည်ကို တွေ့ရှိရသည်။


---

[3] အသံအဖွဲ့၊ (၂၀၂၀)၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် သင်တန်းလက်စွဲ။ P. 29

[4] David, Roman & Holliday, Ian. (2019). Liberalism and Democracy in Myanmar. P 209

[5] တိုင်းရင်းသားလူမျိုးရေးရာဖွံ့ဖြိုးတိုးတက်ရေးနှင့် သုတေသနအသင်း (၂၀၁၉)၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက် ခိုက်မှုရပ်စဲရေးသဘောတူ စာချုပ်ကို အခြေခံသော ငြိမ်းချမ်းရေးဖြစ်စဉ်ကို သုံးသပ်တင်ပြခြင်း၊ သုတေသနစာတမ်း အမှတ် (၁)။


(၃) ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ (KNDP) ပါတီအနေဖြင့် လူမျိုးရေးကဏ္ဍနှင့်ပတ်သက်၍ လူမျိုးစုတစ်စုအား ဦးတည်တိုက်ခိုက်မှုတစ်ခုရှိခဲ့သည်။ ထိုအကြောင်းမှာ ပြီးခဲ့သည့် အစိုးရသက်တမ်းတွင် ဗမာတိုင်းရင်းသားများသာ အများစုပါဝင်ကာ ကျန်ရှိသောတိုင်းရင်းသားများကို နေရာမပေးဘဲ တစ်ပြည်ထောင် သဘောသက်ရောက်နေသည့်အပေါ် လက်မခံနိုင်ကြောင်းကို မဲဆွယ်စည်းရုံးရာတွင် ထည့်သွင်းပြောကြားထားသည့် ဗီဒီယိုဖိုင်ဖြစ်သည်။



အင်းအမျိုးသားအဖွဲ့ချုပ်ပါတီသည် တိုင်းရင်းသားတန်းတူ အခွင့်အရေးရရှိရေး နှင့် အင်းသားလူမျိုးတို့၏မိမိကြမ္မာ မိမိဖန်တီးနိုင်ခွင့် နှင့် လုပ်ကိုင်နိုင်သည့်အခွင့်အလမ်းများရရှိအောင်ဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့အတူ ဒေသဖွံ့ဖြိုးရေးနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး တစ်နည်းအားဖြင့်အင်းလေးကန်ထိန်းသိမ်းရေး လုပ်ငန်းများဟန်ချက်ညီညီ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားမည်ဖြစ်သည်။

အင်းအမျိုးသားအဖွဲ့ချုပ်ပါတီသည် အင်းတိုင်းရင်းသား/ ညီနောင်တိုင်းရင်းသား ပြည်သူ တို့နှင့်အတူ ထပ်ကြပ်မကွာရပ်တည်ပြီး ပြည်သူတို့၏ စီးပွားရေး ၊ ကျန်းမာရေး ၊ ပညာရေး စသည့်ဘဝလိုအင်များကို ကူညီဖို့အတွက် ဒေသနှင့် လူမျိုးတို့ရဲ့ လိုအပ်ချက် အရပေါ်ပေါက်လာခြင်းဖြစ်သည်။



ယနေ့ခေတ်သည် လွှတ်တော်နိုင်ငံရေးခေတ်ဖြစ်သောကြောင့် မိမိတို့၏ အခွင့်အရေးသည် လွှတ်တော်တွင်သာ စုပုံနေ၏။ ထိုအခွင့်အရေးများကိုရရှိအောင် လွှတ်တော်တွင် မိမိတို့လူမျိုးကို ကိုယ်စားပြုပေးမည့် ကိုယ်စားလှယ်ရှိမှသာလျှင် မိမိတို့လူမျိုးနှင့် ထိုက်တန်သော အခွင့်အရေးများ အပြည့်အဝရရှိနိုင်မည် ဖြစ်သည်။ တစ်ဖက်တွင်လည်း ယခုအချိန်ကာလသည် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုစနစ်ကို ပုံဖော်နေသော အချိန်အခါဖြစ်သောကြောင့် ရွေးကောက်ပွဲအောင်နိုင်မှသာလျှင် မိမိတို့ခေါင်းဆောင်အဆက်အဆက်က လိုချင်တောင်းတနေသော ကိုယ်ပိုင်ရပိုင်ခွင့်နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများကို လွှတ်တော်တွင် ဆွေးနွေးတင်ပြ နိုင်မည်ဖြစ်သည်။

ထို့ပြင် ယခုတစ်ကြိမ် PNOအနေဖြင့် ဖော်ဆောင်မည့် ပအိုဝ်းဒေသ လူမှုစီးပွားတိုးတက်ရေး စီမံချက်သည် ယခုလက်ရှိ ပအိုဝ်းဒေသနှင့် များစွာ ကိုက်ညီသည်။ ပအိုဝ်းဒေသသည် စိုက်ပျိုးရေး ထုတ်ကုန်များ ပေါများပြီး ခိုင်မာသောဈေးကွက်တစ်ခု ဖော်ဆောင်ရန်သာ လိုအပ်သည်။ ထိုလိုအပ်ချက်များ ကို ဖြည့်ဆည်းနိုင်ရန်အတွက် PNOအနေဖြင့် ယခုအခါ မြို့နယ်အလိုက် သက်ဆိုင်ရာ ကော်ဖီ၊ ပြောင်း၊ ထောပတ်၊ အာလူး၊ လက်ဖက်၊ ကြက်သွန် စသဖြင့် အစုအဖွဲ့များ ဖွဲ့စည်းပြီး တွေ့ဆုံမှုများပြုလုပ်ကာ ကိုဗစ်၁၉ရောဂါအလွန် ပအိုဝ်းဒေသ စီးပွားရေးမဟာဗျူဟာစီမံချက်ရေးဆွဲသွားမည်ဟု ကြားသိနေရပါ သည်။ PNOသည် ငြိမ်းချမ်းရေးရယူပြီး နောက်ပိုင်း ပအိုဝ်းဒေသဖွံ့ဖြိုးရေးကို အပြောနှင့်မဟုတ်ဘဲ လက်တွေ့လုပ်ဆောင်ပေးနေသည်ကို မျက်ဝါးထင်ထင် မြင်တွေ့နေရသောကြောင့် ၂၀၂၀တွင် PNO အနေဖြင့် အနိုင်ရရှိပါက ကြွေးကြော်ထားသည့် ဆောင်ပုဒ်အတိုင်း အတတ်နိုင်ဆုံး ပြည်သူများကို ဖြည့်ဆည်းပေးလိမ့်မည်ဟု ယုံကြည်ပါသည်။


နိဂုံးချုပ်အနေဖြင့် ပြောလိုသည်မှာ PNOသည် ပအိုဝ်းခေါင်းဆောင် အဆက်ဆက်က မိန့်ဆိုထား သည့် (မိမိတို့၏ အခွင့်အရေးကို လက်နက်နှင့် တိုက်ယူ၍ မရနိုင် သကဲ့သို့ တောင်းယူ၍ ရသည့် အရာမဟုတ်ဘဲ မိမိတို့ကိုယ်တိုင် လုပ်ယူမှသာလျှင် ရနိုင်ကြောင်း) ဆိုသည့် အဆိုအမိန့်အတိုင်း မိမိတို့ပအိုဝ်းလူမျိုးတို့၏ ရသင့်ရထိုက်သော အခွင့်အရေးများကို ငြိမ်းချမ်းစွာ အကောင်အထည်ဖော်ပေး နေသည့် အဖွဲ့အစည်း ဖြစ်သည်။




*ပုံ – ၂.၁.၄ အမျိုးသားရေးကဏ္ဍနှင့်ပတ်သက်၍ ပါတီများ၏ ထည့်သွင်းပြောကြားမှုများ*




ပုံ – ၂.၁.၅ တိုင်းရင်းသားနိုင်ငံရေးပါတီများ၏ အမျိုးသားရေးထည့်သွင်းပြောဆိုသည့် အမျိုးအစားပြဇယား



Yesagyo Township Info Committee NLD
October 7 ·

#NLD_သည်ဗမာပါတီမဟုတ်။
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဆိုတာ ဗမာပါတီမဟုတ်ပါဘူး။ ပြည်ထောင်စုပါတီပါ။ ဘာဖြစ်လို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နိုင်ဖို့လိုသလဲဆိုတော့ ခပ်တိုတိုလေးပြောရရင် #အစိုးရအဖွဲ့ ဖွဲ့ဖို့ လိုလို့ပါ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အစိုးရအဖွဲ့ ဖွဲ့ဖို့ဆိုရင် သာမန်နိုင်ယုံနဲ့မရဘူး။ တကယ့်ကို အပြတ်အသတ်နိုင်မှဖြစ်မယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီဖွဲ့စည်းပုံအခြေခံဥပဒေအရဆိုလို့ရှိရင် ပြည်သူတွေရွေးချယ်တင်မြှောက်နိုင်တဲ့ကိုယ်စားလှယ်တွေက လွှတ်တော်အသီးသီးမှာ ၇၅% ပဲရှိတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်တစ်ခုလုံးမှာ အများစုရဖို့ဆိုလို့ရှိရင် အပြတ်အသတ်နိုင်မှဖြစ်မယ်။

#ပြတ်သားတဲ့ယှဉ်ပြိုင်ခြင်းမူဝါဒ။
ကျွန်မတို့ဟာ ဘယ်ပါတီကိုမှ ယှဉ်ပြိုင်နေတာ မဟုတ်ဘူး။ #စနစ်တစ်ခုကို_ယှဉ်ပြိုင်နေတာ။ စနစ်တစ်ခုကို အောင်နိုင်ရေးအတွက် လုပ်နေတာ။ ပါတီ နှစ်ခု သုံးခုကို အောင်နိုင်ရေးအတွက်လုပ်နေတာ မဟုတ်ပါဘူး။ မွန်ပြည်နယ်မှာဆိုရင် တစ်ခြားမွန်ပါတီတွေကို အောင်နိုင်ရေးအတွက်လုပ်နေတာ မဟုတ်ဘူး။ ဘယ်ပြည်နယ်မှာပဲဖြစ်ဖြစ် ဒီစနစ်တစ်ခုကိုအောင်နိုင်အောင် လုပ်နေတာပဲဖြစ်ပါတယ်။

#မရှင်းရင်အကြိမ်ကြိမ်ဖတ်ပါ။
ကျွန်မအမှန်အတိုင်းပြောရလို့ရှိရင် အစိုးရဖွဲ့နိုင်တဲ့ပါတီကြီးဆိုတာ ဒီနိုင်ငံမှာ သိပ်မရှိပါဘူး။ အဲဒီတော့ စနစ်ကိုစိန်ခေါ် ပြီးတော့ စနစ်သစ်နဲ့အစိုးရဖွဲ့နိုင်တဲ့ပါတီဆိုတာကတော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တစ်ပါတီပဲရှိတယ်လို့ ကျွန်မတို့ရဲရဲကြီးပြောလို့ရပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူများဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ပံ့ပိုးဖို့၊ ထောက်ခံဖို့၊ ခပ်တိုတိုပြောရရင် #မဲပေးဖို့ပေါ့နော် အဲဒါက အင်မတန်မှ အရေးကြီးပါတယ်။

#တိုင်းရင်းသားတွေယုံလိုက်ပါ။
ကျွန်မ ရဲရဲကြီးပြောနိုင်ပါတယ်။ ကျွန်မတို့ #NLDအစိုးရဟာ လွှတ်လပ်ရေးရပြီးတဲ့အချိန်ကနေစပြီးတော့ တိုင်းရင်းသားလူမျိုးများကို အခွင့်အရေးအများဆုံးပေးထားတဲ့ အစိုးရဖြစ်ပါတယ်။ ဒီလိုအခွင့်အရေးအများဆုံးပေးထားတယ်ဆိုတာကလည်း လုပ်သင့်လုပ်ထိုက်တဲ့ ကိစ္စမို့လို့ လုပ်နေတာပါ။ ချော့နေတာလည်းမဟုတ်ဘူး။ လုပ်ပြတဲ့အနေနဲ့လည်းမဟုတ်ဘူး။ တန်းတူညီမျှ အခွင့်အရေးရှိမှ နိုင်ငံတစ်နိုင်ငံဟာတည်ငြိမ်မယ်။ တည်ငြိမ်မှ ငြိမ်းချမ်းမယ်။ ငြိမ်းချမ်းမှ တိုးတက်မယ်။ ဒီဟာတွေကို မူတည်ပြီးတော့မှ ကျွန်မတို့ရဲ့တိုင်းရင်းသားတွေကို အခွင့်အရေးကို အများကြီးပေးထားပါတယ်။

#ငါစွဲဖြုတ်ကြဖို့။
ကိုယ့်လူမျိုး၊ ကိုယ့်ဘာသာစကား၊ ကိုယ့်ရဲ့ယဉ်ကျေးမှုကို တန်ဖိုးထားတာဟာ မှန်ပါတယ်။ ထားလည်း ထားသင့်ပါတယ်။ နိုင်ငံတော်ကလည်း ဒီဟာတွေကို အားပေးပါတယ်။ ပံ့ပိုးပေးပါတယ်။ ဒါပေမယ့် #စိတ်ဝမ်းကွဲအောင်လုပ်တယ်ဆိုတာတော့ မဖြစ်သင့်ပါဘူး။ ကျွန်မတို့နိုင်ငံကို မှီတင်းနေထိုင်တဲ့လူတွေအားလုံးဟာ တစ်ယောက်အပေါ်တစ်ယောက် #ငါတို့ပြည်ထောင်စုသားအချင်းချင်းပဲဆိုတဲ့ စိတ်ဓါတ်ကိုရှိစေချင်ပါတယ်။



Shan Nationalities League for Democracy
October 27 ·

ခြေဥပြင်ရေး၊ စစ်အာဏာရှင်တိုက်ဖျက်ရေး၊ လူမျိုးကြီးဝါဒပပျောက်ရေးကို ဆက်လုပ်ရမည်ဟု SNLD ဥက္ကဋ္ဌပြော

လွှတ်တော်တွင်း၊ လွှတ်တော်ပြင်ပနှစ်ရပ်စလုံး၌ ခိုင်မာအားကောင်းရန်လိုအပ်ဟုဆို

By .အောင်ဇော်ထွန်း on Tuesday, October 27, 2020

လက်ရှိ ၂၀၀၈ ဖွဲ့စည်း ပုံအခြေခံဥပဒေ ပြင်ဆင်ရေး၊ စစ် အာဏာရှင်တိုက်ဖျက်ရေးနှင့် လူ မျိုးကြီးဝါဒ ပပျောက်ရေးတို့ကို ဆက်လက် ဆောင်ရွက်ရမည်ဖြစ် ၍ လွှတ်တော်တွင်းနှင့်လွှတ်တော် ပြင်ပနှစ်ရပ်စလုံး၌ ခိုင်မာအား ကောင်းရန်လိုအပ်ကြောင်း ရှမ်း တိုင်းရင်းသားများဒီမိုကရေစီ အ ဖွဲ့ချုပ်(SNLD)ပါတီဥက္ကဋ္ဌ ဦးခွန် ထွန်းဦးက ပါတီတည်ထောင်ခြင်း (၃၂) နှစ်ပြည့်အခမ်းအနားတွင် ပြောကြားသည်။

အောက်တိုဘာ ၂၆ရက်တွင် ကျရောက်သည့် SNLD ပါတီထူ ထောင်ခြင်း နှစ်ပတ်လည်အခမ်းအနားကို COVID-19 အခြေအ နေကြောင့် အွန်လိုင်းမှတစ်ဆင့် ကျင်းပခဲ့သည်။

SNLD အနေဖြင့် ၂၀၀၈ ဖွဲ့ စည်းပုံအခြေခံဥပဒေမပေါ်ပေါက် မီကတည်းက စစ်မှန်သည့် ဖက်ဒရယ်ပြည်ထောင်စု ပေါ်ထွန်းရေး ကိုအမြဲတမ်းဆောင်ရွက်ခဲ့ကြောင်း ဦးခွန်ထွန်းဦးကပြောသည်။

"ဒီနေ့အခြေအနေမှာတော့ တိုင်းရင်းသား ပြည်သူလူထုရဲ့ ဆန္ဒနဲ့မကိုက်ညီတဲ့ ၂၀၀၈ ဖွဲ့ စည်းပုံအခြေခံဥပဒေကိုအစမှ အ ဆုံးတိုင် ပြန်လည်ပြုပြင်ရေးဆွဲ မယ့် တာဝန်တစ်ရပ်တိုးလာတဲ့အ ပြင် နဂိုစစ်အာဏာရှင် တိုက်ဖျက် ရေး၊ လူမျိုးကြီးဝါဒပပျောက်ရေး ကိစ္စတွေကိုလည်း ဆက်လက်ဆင်နွှဲနေကြရမှာဖြစ်ပါတယ်"ဟု ဦးခွန်ထွန်းဦးက ပြောသည်။

ထို့ကြောင့် လွှတ်တော်တွင်း၊ လွှတ်တော်ပြင်ပ နှစ်ရပ်စလုံးတွင် ခိုင်မာအားကောင်းရန် လိုအပ်၍ လာမည့် ရွေးကောက်ပွဲတွင်ရာခိုင် နှုန်းမြင့်မားစွာ အောင်မြင်မှုရရှိ အောင် ကြိုးပမ်းရမည်ဖြစ်ကြောင်းငင်းကဆိုသည်။ ထို့အ ပြင် နိုင်ငံရေးဝမ်းစာ ပိုမိုပြည့်ဝ အောင် ကြိုးပမ်းဖြည့်ဆည်းကြရန် လည်းလိုအပ်သည်ဟု ဦးခွန်ထွန်း ဦးက ၎င်း၏ပါတီဝင်များကိုမှာ ကြားသည်။

ဒီမိုကရေစီယဉ်ကျေးမှု ရှင် သန်ကြီးထွားပြီး တရားမျှတသည့် လူ့ဘောင်သစ်တစ်ရပ် တည်ဆောက်နိုင်ရန်အတွက် ပြည် ထောင်စု၏ မျိုးဆက်သစ်များ သည် ပြည်ထောင်စု၏လာရာ လမ်းကို ကြေညက်နားလည်ရန် လိုအပ်ကြောင်း ၎င်းကပြော သည်။

ပုံ – ၂.၁.၆ အမျိုးသားရေးကဏ္ဍနှင့်ပတ်သက်၍ ပါတီများ၏ ထည့်သွင်းပြောကြားမှုများ

## ၂.၂ ဘာသာရေးအခြေခံ ရွေးကောက်ပွဲမဲဆွယ်မှုများ

မြန်မာနိုင်ငံတွင် လူမျိုးပေါင်းစုံနေထိုင်ကြသကဲ့သို့ ဘာသာရေးကိုးကွယ်မှုမှာလည်း အမျိုးမျိုးရှိကြပြီး အများစုကိုးကွယ်ကြသည့် ဘာသာများမှာ ဗုဒ္ဓဘာသာ၊ အစ္စလာမ်ဘာသာ၊ ခရစ်ယာန်ဘာသာနှင့် ဟိန္ဒူဘာသာ တို့ဖြစ်ကြသည်။ ၂၀၁၄ခုနှစ် သန်းခေါင်စာရင်းအရ ဗုဒ္ဓဘာသာဝင်များမှာ ၈၇ ရာခိုင်နှုန်းကျော်ရှိပြီး၊ ခရစ်ယာန်မှာ ၆.၂ ရာခိုင်နှုန်း၊ အစ္စလာမ်မှာ ၄.၃ ရာခိုင်နှုန်း၊ ဟိန္ဒူ ၀.၅ ရာခိုင်နှုန်းရှိကြသည်။[6] ဘာသာရေးကိုးကွယ်မှုနှင့် ပတ်သက်၍ ဗုဒ္ဓဘာသာမှာ အင်အားကြီးဖြစ်သည်ဟု ဆိုရမည်။ လူမျိုးရေးနှင့် ဆက်စပ်၍ ဘာသာရေးကို အကြောင်းပြု၍ မဲဆွယ်စည်းရုံးမှုများကိုလည်း ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်မှ တားမြစ်ထားသည်။ သို့သော် ရွေးကောက်ပွဲကာလအတွင်း ဘာသာရေးအခန်းကဏ္ဍကို အကြောင်းပြု၍ မဲဆွယ်စည်းရုံးမှုများရှိခဲ့သည်။

ပါတီများထဲတွင် **USDP** မှ ပါတီ၏ မူဝါဒထဲတွင် အမျိုးသားရေး၊ ကိုးကွယ်ယုံကြည်မှု အခန်းကဏ္ဍများကို ထည့်သွင်းအသုံးပြု၍ မဲဆွယ်ခဲ့သည်။ **USDP** ၏ ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်သူ မင်းကင်းမြို့နယ်မှ ဦးမောင်မြင့်၏ မဲဆွယ်စည်းရုံးမှုတွင် ဘာသာရေး၊ လူမျိုးရေးအကြောင်းပြ မဲဆွယ်စည်းရုံးမှုများရှိခဲ့ပြီး[7]၊ ထိုဗီဒီယိုဖိုင်မှာလည်း အွန်လိုင်းမှတစ်ဆင့် ပျံ့နှံ့ခဲ့သည်။ ထိုပါတီ၏ မဲဆွယ်စည်းရုံးမှုများတွင် အမျိုး၊ ဘာသာ၊ သာသနာကို ဦးစားပေးလုပ်ဆောင်နေသည်ဟူသည့် ပုံရိပ်များ၊ ပြောဆိုမှုများကို အသုံးပြု၍ မဲဆွယ်စည်းရုံးမှုများရှိခဲ့သည်။

ဓာတ်ပုံအသုံးပြုမှုများတွင် စောင့်ကြည့်လေ့လာမှုအရ ပြည်မအခြေစိုက်နိုင်ငံရေးပါတီများ အပါအဝင် တချို့သော တိုင်းရင်းသားနိုင်ငံရေးပါတီများသည် ဗုဒ္ဓဘာသာနှင့်ပတ်သက်သည့် အခမ်းအနားပုံရိပ်များ၊ အလှူဒါနပြုလုပ်နေသည့် ပုံများဖြင့် မဲဆွယ်ရာတွင် ထည့်သွင်းအသုံးပြုကြသည်ကို လေ့လာတွေ့ရှိရသည်။ ထူးခြားချက်တစ်ခုမှာ အခြားသော ဘာသာတရားများဖြစ်သည့် ခရစ်ယာန်၊ အစ္စလာမ်၊ ဟိန္ဒူဘာသာတို့၏ ဘာသာရေးဆိုင်ရာ ဓာတ်ပုံအသုံးပြုမှုများကို မတွေ့ရှိခဲ့ရပေ။ သို့သော် ပါတီများ၏ ပင်မစာမျက်နှာများထက်တွင် အဓိကရုဏ်းဖြစ်ပွားစေရန် လွန်လွန်ကျူးကျူးမဲဆွယ်စည်းရုံးမှုနည်းပါးခဲ့သည်ကို တွေ့ရှိရသည်။

နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း အခန်း (၂)၊ ပုဒ်မ – ၆ (ဃ) တွင် ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်သော နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများသည် လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ လူတစ်ဦး

[6] ပြည်သူ့အင်အားဦးစီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန (၂၀၁၆)၊ ပြည်ထောင်စုကိုးကွယ် သည့်ဘာသာ သန်းခေါင်စာရင်းအစီရင်ခံစာ အတွဲ ၂-ဂ)။

[7] https://www.bbc.com/burmese/burma-55034868

ချင်း (သို့မဟုတ်) ပြည်သူလူထု၏ ဂုဏ်သိက္ခာနှင့် ကိုယ်ကျင့်တရားတို့အပေါ် သက်ရောက်မှုရှိစေနိုင်သော ပဋိပက္ခဖြစ်စေနိုင်သော ရေးသားခြင်း၊ ပြောဆိုခြင်း၊ စည်းရုံးခြင်း၊ လှုံ့ဆော်ခြင်းများမပြုလုပ်ရန် ကတိကဝတ် ပြုသည်ဟူသည့် အချက်ကို လိုက်နာရန်ပြဌာန်းထားသည်။[8]

**ပါတီများ၏အွန်လိုင်းမဲဆွယ်ကမ်ပိန်းများမှ တွေ့ရှိချက်များ**

(၁) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (NLD) အနေဖြင့် ပါတီဝင်များ၏ ကိုယ်ရေးအချက်အလက်များ အပါအဝင် ဘာသာရေးကိုးကွယ်မှုကို ထည့်သွင်းဖော်ပြခြင်း၊ အကောင်း၊ အဆိုး မဝေဖန်ပဲ ထည့်သွင်းဖော်ပြ ခြင်း ၁၀ ကြိမ်အထိရှိခဲ့သည်။

(၂) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) အနေဖြင့် ဗုဒ္ဓဘာသာကို အကြောင်းပြု၍ ဘာသာတစ်ခုတိုးတက်စေရန်လုပ်ဆောင်ပေးခြင်း၊ အားပေးထောက်ခံခြင်းဖြင့် မဲဆွယ်စည်းရုံးမှု အများဆုံး ပြုလုပ်ခဲ့သည်ကို လေ့လာတွေ့ရှိခဲ့ရသည်။ ထိုသို့ ပြောကြားထားသော မဲဆွယ်ပို့စ်များတွင် ကြိုက်နှစ်သက်သူ ၁၅၂၀ ဦး၊ ဝေမျှသူ ၃၀၇ ဦး၊ ထင်မြင်ချက်ပေးသူ ၂၅၇ ဦး ရှိခဲ့သည်။


(၃) ပြည်မအခြေစိုက်နိုင်ငံရေးပါတီတစ်ခုဖြစ်သည့် ပြည်သူ့ရှေ့ဆောင်ပါတီ (PPP) အနေဖြင့်လည်း ဘာသာတစ်ခု တိုးတက်စေရန် လုပ်ဆောင်ပေးခြင်း၊ အားပေးထောက်ခံခြင်းဖြင့် မဲဆွယ်စည်းရုံးမှု ၃ ကြိမ် ပြုလုပ်ခဲ့သည်ကို တွေ့ရှိရသည်။

(၄) ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (SNLD) အနေဖြင့် ဘာသာရေးဆိုင်ရာကိစ္စရပ်ကို ထည့် သွင်းကာ မဲဆွယ်ခြင်းနှင့် ဘာသာရေးဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုပုံရိပ်များကို ထည့်သွင်းဖော်ပြကာ မဲဆွယ်စည်းရုံးမှုအများဆုံးလုပ်ခဲ့သည်။ ထိုပြောဆိုမှု ပို့စ်များတွင် ကြိုက်နှစ်သက်သူ ၂၀၄၇ ဦး၊ ကြိုက်နှစ်သက်သူ ၄၆၅ ဦး၊ ဝေမျှသူ ၁၂၂ ဦးရှိခဲ့သည်။


(၅) ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (CNLD) အနေဖြင့် ဘာသာရေးနှင့် ဆက်စပ်၍ မဲဆွယ် စည်းရုံးရာတွင် ဘာသာရေးနှင့် နိုင်ငံရေးရောယှက်ခြင်းမရှိသည့် နိုင်ငံတော် (Secular State) ကို တည် ဆောက်ရန် ကြိုးပမ်းမည်ဖြစ်သည့်အကြောင်းကို ပါတီ၏ မူဝါဒအတွင်း ထည့်သွင်းပြောကြားထားသည်။

[8] https://merin.org.mm/mm/publication/13955

အထူးသဖြင့် ဗုဒ္ဓဘာသာလွှမ်းမိုးသည့် သာသနာရေးဝန်ကြီးဌာနနှင့် ဦးစီးဌာနကို ဖျက်သိမ်းရန် ပါတီ၏ မူဝါဒအတွင်း ထည့်သွင်းရေးဆွဲထားသည်။




*ပုံ ၂.၂.၁ ပြည်မအခြေစိုက်နိုင်ငံရေးပါတီများ၏ ဘာသာရေးထည့်သွင်းပြောဆိုသည့် အမျိုးအစားပြဇယား*




*ပုံ ၂.၂.၂ တိုင်းရင်းသားနိုင်ငံရေးပါတီများ၏ ဘာသာရေးပြောဆိုသည့် အမျိုးအစားပြဇယား*

Sanchaung Township Info Committee NLD
October 15

ဦးဘမျိုးသိန်းအား မဲပေးပါ
====================

ဦးဘမျိုးသိန်းသည် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၁၁) မှ စမ်းချောင်းမြို့နယ်အပါအဝင် မရမ်းကုန်း၊ဗဟန်း၊ဒဂုံ၊ကျောက်တံတား၊ပန်းဘဲတန်းလသာ မြို့နယ်များမှဝင်ရောက်ယှဉ်ပြိုင်မည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ကိုယ်စားလှယ်လောင်းဖြစ်ပါသည်။

| | |
|---|---|
| အမည် | ဦးဘမျိုးသိန်း |
| မွေးသက္ကရာဇ် | ၅ .၈ .၁၉၅၄ |
| လူမျိုး/ဘာသာ | ဗမာ/ ဗုဒ္ဓဘာသာ |
| ပညာအရည်အချင်း | B.A |

PPP - People's Pioneer Party - ရှေ့ပြည်သာမြို့နယ်
October 16

ရှေ့ပြည်သာမြို့နယ် ပြည်သူ့ရှေ့ဆောင်ပါတီ ပြည်သူ့လွှတ်တော်(ကစလ)ဒေါ် ဖြိုးပပပြည့် သည် ဆရာတော်ဘုရားများ၏ ဆုံးမဩဝါဒခံယူရင်း
လှူဖွယ်ပစ္စည်းများ သွားရောက်ဆပ်ကပ်လှူဒါန်းခဲ့ပါသည်🙏🙏🙏





(၁၉)

**ဘာသာရေးလွတ်လပ်ခွင့်နှင့်**

**တန်းတူရေးဆိုင်ရာ မူဝါဒ**

၁။ ဘာသာရေးနှင့်နိုင်ငံရေး ရောယှက်ခြင်းမရှိသော နိုင်ငံတော် (Secular State) တည်ဆောက်ရေးကို ကြိုးပမ်းဆောင်ရွက်မည်။

၂။ အောက်ပါအချက်များကို ကြိုးပမ်းဆောင်ရွက်မည် –

(က) သာသနာရေးဝန်ကြီးဌာနနှင့်ဦးစီးဌာနကို ဖျက်သိမ်းရန်နှင့် ယင်းနှင့်ဆက်နွယ်သော ဌာန၊ အဖွဲ့အစည်းများကိုလည်း ဖျက်သိမ်းရန်၊

(ခ) နိုင်ငံတော်ဘဏ္ဍာငွေကို ဘာသာရေးအတွက် သုံးစွဲခြင်းမပြုရန်၊

(ဂ) မျိုးစောင့်ဥပဒေခေါ် တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာဥပဒေ၊ မြန်မာဗုဒ္ဓဘာသာဝင် မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေ၊ ကိုးကွယ်သည့်ဘာသာ ကူးပြောင်းခြင်းဆိုင်ရာ ဥပဒေနှင့် လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု ဥပဒေတို့ကို ဖျက်သိမ်းရန်၊

၃။ ချင်းပြည်နယ်နှင့် ချင်းလူမျိုးများ နေထိုင်သောဒေသများတွင် သာသနာပိုင်မြေနှင့် အဆောက်အအုံများကို အခွန်လွတ်သာသနာ့ပိုင် မြေဂရန်ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်မည်။

၄။ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ နိုင်ငံ့ဝန်ထမ်းလျှောက်လွှာ၊ ကျောင်းဝင်ခွင့်လျှောက်လွှာ၊ ပုဂ္ဂလိကလုပ်ငန်း လျှောက်လွှာများတွင် ကိုးကွယ်သည့်ဘာသာဖြည့်စွက်စေခြင်းမပြုရန် ကြိုးပမ်းဆောင်ရွက်မည်။



USDP Aunglan Township
November 1

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ဥက္ကဋ္ဌ ဦးသန်းဌေး၏
သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)ဆုတောင်းသဝဏ်လွှာ

သီတင်းကျွတ်လပြည့်နေ့ သည် ဗုဒ္ဓဘာသာအား သက်ဝင်ယုံကြည်သူတို့အတွက် နေ့ထူးနေ့မြတ်ကြီး တစ်နေ့ဖြစ်သည်🙏🙏🙏

သီတင်းကျွတ်လပြည့်နေ့သည်လည်း မြတ်စွာဘုရားသခင် တာဝတိံသာနတ်ပြည်မှ သင်္ကာသနဂိုရ်ပြည်သို့ ကြွမြန်းဆင်းသက်တော်မူလာသည့်နေ့ ဖြစ်သဖြင့် ထူးမြတ်သောနေ့ အဖြစ်အသိအမှတ်ပြုကြသည်။ မြတ်စွာဘုရားဆင်းသက်ကြွမြန်းလာသည်ကို ရည်၍ ဘုရားရှင်အားပူဇော်သည့်အနေဖြင့် ထိုနေ့တွင် မီးများ ထွန်းကာမြင့်မိုရ်ပွဲ ဆင်ယင်ကျင်းပခဲ့ကြသည်။

#USDP
#USDPAunglanTownship

သင်တန်းများ ဖွင့်လှစ်သင်ကြားနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ လူမျိုး၊ ဘာသာ၊ သာသနာ ရေရှည်တည်တံ့စေရန် ရည်ရွယ်၍ ၁၉၉၇ ခုနှစ်တွင် မိုးကုတ်မြို့အနောက်ပိုင်း၌ သိရိမင်္ဂလာစွမ်းမွန်းကျောင်းတိုက် ဖြစ်လာစေရန် ဦးစီးတည်ထောင်ခဲ့သူတစ်ဦးဖြစ်သည်။ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် SNLD ပါတီကိုယ်စားပြု မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)တွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ၂၀၁၈ ကြားဖြတ်ရွေးကောက်ပွဲ၌ မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ်အတွင်း SNLD ပါတီအောင်နိုင်ရေးလုပ်ငန်းတွင် ကူညီဆောင်ရွက်ခဲ့သည်။ ပါတီသက်တမ်း ၃၂ နှစ်တာကာလအတွင်း မူဆယ်မြို့နယ်၊ မိုးကုတ်မြို့နယ်၊ မိုးမိတ်မြို့နယ်၊ မန္တလေးမြို့တို့တွင် ပါတီတာဝန်များကို တတ်စွမ်းသမျှ သစ္စာရှိစွာဖြင့် လုပ်ဆောင်ခဲ့ခြင်းကြောင့် တောင်ကြီးမြို့၌ ကျင်းပသော SNLD ပါတီ နှစ်(၃၀)ပြည့် အခမ်းအနားတွင် သစ္စာရှင်ဆု (ငွေတံဆိပ်) ကို ချီးမြှင့်ခြင်းခံခဲ့ရသည်။

ပုံ ၂.၂.၃ ပါတီများ၏ ဘာသာရေးနှင့် စပ်လျဉ်း၍ ထည့်သွင်းပြောဆိုမှုများ

## ၂.၃ ကျား၊ မ တန်းတူအခွင့်အရေးအပေါ် နိုင်ငံရေးပါတီများ၏ မဲဆွယ်စည်းရုံးမှု

၂၀၂၀ ရွေးကောက်ပွဲသည် အမျိုးသားများနှင့်တန်းတူ နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်နိုင်ရန် ကျား၊ မ တန်းတူအခွင့်အရေးရရှိစေရေး ဆိုသည့်အသံများ ပိုများလာသည်။၂၀၁၅ ရွေးကောက်ပွဲတွင် လွှတ်တော်အတွင်းသို့ ရောက်ရှိခဲ့သည့် အမျိုးသမီးကိုယ်စားလှယ်အချိုးသည် ၁၄ ရာခိုင်နှုန်းရှိပြီး ၁၅၁ ဦး အနိုင်ရရှိခဲ့သည်။ ၁၉၉၅ ခုနှစ် ဘေကျင်းလုပ်ငန်းလမ်းညွှန်ချက်အရ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံတွေမှာ ဥပဒေပြုခွင့်ရှိသူ အမျိုးသမီးကိုယ်စားလှယ် အနည်းဆုံး ၃၀ ရာခိုင်နှုန်း အထိရောက်ရှိစေရန် သဘောတူညီမှု ထားရှိခဲ့သည်။

၂၀၂၀ ရွေးကောက်ပွဲရလဒ်အရ အနိုင်ရကိုယ်စားလှယ် စုစုပေါင်း ၁၁၁၇ ဦးတွင် အမျိုးသမီးကိုယ်စားလှယ် ၁၉၄ ဦး ပါဝင်ပြီး လွှတ်တော်အတွင်း အမျိုးသမီးပါဝင်နိုင်မှု ၁၉ ရာခိုင်နှုန်းအထိ မြင့်တက်လာသည်။ ၂၀၂၀ တွင် ဝင်ရောက်ယှဉ်ပြိုင် ရွေးကောက်ခံ ကိုယ်စားလှယ် စုစုပေါင်း ၆၉၆၉ ဦး ရှိသည့်အနက် အမျိုးသမီးကိုယ်စားလှယ်လောင်း ၁၁၁၂ ဦးရှိလာပြီး ၁၆ ရာခိုင်နှုန်းအထိ ဝင်ရောက်ရွေးချယ်ခွင့်ရရှိခဲ့သည်။ အမျိုးသမီးကိုယ်စားလှယ် ၁၉၄ ဦးတွင် NLD ပါတီသည် စုစုပေါင်း၉၂၀ နေရာ ရရှိခဲ့သည့်အနက် ၁၆၇ ဦးသည် ၎င်းပါတီ၏ အမျိုးသမီးများဖြစ်ပြီး ၁၈ ရာခိုင်နှုန်း ရှိသည်။ ဒုတိယအများဆုံး အမျိုးသမီးပါဝင်သည့် ပါတီသည် SNLD ပါတီ ဖြစ်ပြီး အနိုင်ရနေရာ ၄၂ နေရာအနက် အမျိုးသမီး ၁၃ နေရာအနိုင်ရခဲ့ခြင်းဖြစ်ပြီး ၂၉ ရာခိုင်နှုန်းကျော် ရရှိခဲ့သည်။ တတိယအများဆုံး အမျိုးသမီးပါဝင်နိုင်သည့် ပါတီသည် ရခိုင်အမျိုးသားပါတီ (ANP) မှ ၄ နေရာအထိ အနိုင်ရရှိခဲ့သည်။


### ပါတီများ၏အွန်လိုင်းမဲဆွယ်ကမ်ပိန်းများမှ တွေ့ရှိချက်များ

(၁) တိုင်းရင်းသားနိုင်ငံရေးပါတီများ၏ မဲဆွယ်ကမ်ပိန်းများတွင် ကျား၊ မ အရေးနှင့် ပတ်သက်၍ ၂၆ ကြိမ်အထိ ထည့်သွင်းပြောဆိုခဲ့သည်ကို တွေ့ရသည်။


(၂) တိုင်းရင်းသားနိုင်ငံရေးပါတီများတွင် ကျား၊ မတန်းတူအခွင့်အရေးနှင့်ပတ်သတ်၍ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (SNLD) သည် ၁၂ ကြိမ်အထိ ထည့်သွင်းပြောဆိုခဲ့ပြီး ဝင်ရောက်ယှဉ်ပြိုင်သော ကိုယ်စားလှယ်လောင်းစာရင်းအရ ၁၃၂ ဦးအနက် ၃၇ ဦးသည် အမျိုးသမီးများဖြစ်ကာ ၃၀ ရာခိုင်နှုန်းနီးပါး ပါဝင်ခွင့်ပေးခဲ့သော ပါတီဖြစ်သည်။

(၃) ပြည်မအခြေစိုက်နိုင်ငံရေးပါတီများထဲတွင် ကျား၊ မ တန်းတူအခွင့်အရေးနှင့် ပတ်သက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) မှ ၁ ကြိမ်၊ ပြည်သူ့ရှေ့ဆောင်ပါတီ (PPP)မှ ၂ ကြိမ် ထည့်သွင်း မဲဆွယ်ခဲ့သည်ကိုတွေ့ရသည်။

(၄) ကျား၊ မ တန်းတူအခွင့်အရေးနှင့်ပတ်သက်၍ ပြောဆိုမှုအသံမြင့်တတ်လာပြီး နိုင်ငံရေးတွင် ပါဝင်ခွင့်ပိုမိုရရှိလာသော်လည်း LGBTIQ (လိင်တူချင်းစုံမက်သူ) များအတွက် ထည့်သွင်းပြောဆို မဲဆွယ်မှု ကို ညီညွတ်သောတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ (UNDP) ကသာ ၁ ကြိမ် ပြောဆိုမဲဆွယ်ခဲ့သည် ကို တွေ့ရသည်။ ယင်းမဲဆွယ်ပိုစ့်တွင် ကြိုက်နှစ်သက်သူ ၁၀၃ ဦး၊ ပြန်လည်မျှဝေသူ ၃၄ ဦးနှင့် ထင်မြင်ချက် ပေးသူ ၁၄ ဦးရှိခဲ့ပြီး အခြားပိုစ့်များနှင့် နှိုင်းယှဉ်လျှင် လူစိတ်ဝင်စားမှုနည်းသည့် အကြောင်းအရာသာဖြစ် သည်ဟု တွေ့ရှိရသည်။




*ပုံ – ၂.၃.၁ ပြည်မအခြေစိုက်နိုင်ငံရေးပါတီများ (အပေါ်ပုံ) တိုင်းရင်းသားနိုင်ငံရေးပါတီများ (အောက်ပုံ) ကျား၊ မ အရေးပြောဆိုရာတွင် ဦးစားပေးပြောဆိုသည့် အမျိုးအစားပြဇယား*



၃၄ ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ မူဝါဒကြေညာစာတမ်း

(၂၁)

**ကျား - မ ရေးရာ မူဝါဒများ**

ကျား၊ မရေးရာ မူဝါဒ (Gender Policy) ကို အောက်ပါအခြေခံမူများအပေါ်တွင် ရပ်တည်ဆောင်ရွက်မည် –

၁။ လူ့အခွင့်အရေးကို လေးစားလိုက်နာရေးအတွက် ဆောင်ရွက်မည်။


၂။ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးကဏ္ဍအသီးသီးတွင် တန်းတူညီမျှရေးအတွက် ဆောင်ရွက်မည်

၃။ နည်းမျိုးစုံဖြင့် အကြမ်းဖက်ခြင်းမှ တားဆီးကာကွယ်စောင့်ရှောက်ရေးအတွက် ဆောင်ရွက်မည်။

၄။ ကျား–မတန်းတူရေးဆိုင်ရာ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် မြှင့်တင်ရေး အတွက် ဆောင်ရွက်မည်။




SNLD ပါတီအနေနဲ့ ၂၀၂၀ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း အမျိုးသား ၉၅ ဦး၊ အမျိုးသမီး ၃၇ ဦး စုစုပေါင်း လွှတ်တော်ကိုယ်စားလှယ်လောင်း (၁၃၂)ဦး ရွေးကောက်ပွဲကော်မရှင်ကို စာရင်းပေးသွင်း ထားတာဖြစ်ပါတယ်။




**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရပါက ဦးစားပေးဆောင်ရွက်မည့်လုပ်ငန်းများ**

၁။ ပြည်တွင်းငြိမ်းချမ်းရေးရရှိရန်အတွက်အထူးကြိုးစားဆောင်ရွက်မည် ဖြစ်ပြီး၊ယင်းမှတဆင့်ပြည်နယ်များတွင်မိမိပြည်နယ်နှင့်ကိုက်ညီသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲ ပြဋ္ဌာန်းကျင့်သုံး နိုင်ရေးကို အထူး အလေးထား ကြိုးစားဆောင်ရွက်ပါမည်။

၂။ လက်ရှိအခြေအနေတွင် ပညာရေး၊ ကျန်းမာရေး၊ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် ဘတ်ဂျတ်များ နှစ်စဉ် တိုးမြှင့်ရရှိရေးနှင့် မတရားသိမ်းဆည်းခံ လယ်ယာမြေများ၊ အများနှင့်သက်ဆိုင်သော သမိုင်းဝင်မြေများ ပြန်လည်ရရှိရေးကို ကြိုးပမ်းဆောင်ရွက် ပါမည်။

၃။ တရားဥပဒေ စိုးမိုးရေးနှင့် တရားမျှတမှု ရရှိရေးကို ပြည်သူများ အားလုံး လက်လှမ်းမှီ ရရှိခံစားနိုင်ရန်နှင့် ဥပဒေပြုရေး၊အုပ်ချုပ်ရေး၊ တရားစီရင်ရေး ကဏ္ဍများ၏ လုပ်ငန်း ဆောင်ရွက်ချက်များကို စောင့်ကြည့်၍ အပြုသဘောဆောင်သော ပေါင်းစပ်ညှိနှိုင်းမှုကို ဆောင်ရွက်ပါမည်။

၄။ အမျိုးသမီးများနိုင်ငံရေးတွင် စိတ်ဝင်စား၍ အရည်အချင်းရှိစွာပါဝင် လာစေရန်နှင့် ဆုံးဖြတ်ချက် ချနိုင်သည့် ကဏ္ဍအသီးသီးတွင် အမျိုးသမီးများ ပါဝင်မှုတိုးတက်လာစေရန် သက်ဆိုင်ရာအဖွဲ့အစည်း များနှင့် အတူပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်ပါမည်။

၅။ လွှတ်တော်ကိုယ်စားလှယ် တစ်ဦး၏ တာဝန်ကို ကျေပွန်စွာ ထမ်းဆောင် မည်ဖြစ်ပြီး ပြည်သူ့ အသံကို အထူးအလေးထား ဆောင်ရွက် ပါမည်ဟု ကတိပြုပါသည်။

| | | |
|---|---|---|
| ဒေါ်ဒွဲဘူ<br>ကချင်ပြည်နယ်ပြည်သူ့ပါတီ<br>(KSPP) | Kachin State People's Party | ✔ |

ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ် အမှတ် (၀၂၆၄၀)

PPP-People's Pioneer Party Mayangone
September 18

(Unicode)
"
✔ အရပ်သားစစ်စစ်ဖြင့် ဖွဲ့စည်းထားတဲ့ပါတီ
✔ အမျိုးသားညီညွတ်ရေးကို အားပေးတဲ့ပါတီ
✔ အလယ်အလတ်လမ်းစဉ်ကိုကျင့်သုံးတဲ့ပါတီ
✔ ငြိမ်းချမ်းသာယာဝပြောသော ဖဒရယ် ဒီမိုကရေစီ တည်ထောင်လိုသည့်ပါတီ
✔ လူငယ်၊ အမျိုးသမီး၊ တိုင်းရင်းသားတွေရဲ့နိုင်ငံရေး အရှိန်းဆောင်မှုပေးနိုင်တာကို ရှေးရှုတဲ့ဖွဲ့စည်းအုပ်ချုပ်ပုံစည်းမျဉ်းစည်းကမ်းများဖြင့်အာမခံချက်ပေးထားတဲ့ပါတီ"

(ZawGyi)
"
✔ အရပ်သားစစ်စစ်ဖြင့် ဖွဲ့စည်းထားတဲ့ပါတီ
✔ အမျိုးသားညီညွတ်ရေးကို အားပေးတဲ့ပါတီ
✔ အလယ်အလတ်လမ်းစဉ်ကိုကျင့်သုံးတဲ့ပါတီ
✔ ငြိမ်းချမ်းသာယာဝပြောသော ဖဒရယ် ဒီမိုကရေစီ တည်ထောင်လိုသည့်ပါတီ
✔ လူငယ်၊ အမျိုးသမီး၊ တိုင်းရင်းသားတွေရဲ့နိုင်ငံရေး အရှိန်းဆောင်မှုပေးနိုင်တာကို ရှေးရှုတဲ့ဖွဲ့စည်းအုပ်ချုပ်ပုံစည်းမျဉ်းစည်းကမ်းများဖြင့်အာမခံချက်ပေးထားတဲ့ပါတီ"

*ပုံ – ၂.၃.၂ ပါတီများ၏ ကျား၊ မ ထည့်သွင်းပြောဆို မဲဆွယ်မှုများ*

## ၂.၄ မသန်စွမ်းအရေးနှင့် ပတ်သက်၍ နိုင်ငံရေးပါတီများ၏ မဲဆွယ်စည်းရုံးမှု

မြန်မာနိုင်ငံ၏ မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေကို ၂၀၁၅ ခုနှစ်၊ ဇွန်လ ၅ ရက်တွင် ထုတ်ပြန်ခဲ့သည်။ ယင်းဥပဒေအရ မွေးရာပါ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ ကိုယ်ကာယ၊ အမြင်၊ အပြော၊ အကြား၊ အသိဉာဏ်၊ အာရုံခံစားမှုပိုင်ဆိုင်ရာ တစ်ခုသို့မဟုတ် တစ်ခုထက်ပို၍ ချို့ယွင်းအားနည်းချက်များကို ရေရှည်ခံစားနေရသူများကို အခြားသူများနှင့်တန်းတူ ၎င်းတို့နေထိုင်ရာပတ်ဝန်းကျင်နှင့် လူမှုအဖွဲ့စည်းတွင် ပါဝင်ခွင့်ရရှိနိုင်ရေးအတွက် စွမ်းဆောင်ရည်များ အပြည့်အဝရရှိစေရန် ရည်ရွယ်ထားသည်။ ထို့အတူ ကုလသမဂ္ဂမသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ ကွန်ဗင်းရှင်းတွင် ဖော်ပြထားသည်။ အထူးသဖြင့် ခွဲခြားဆက်ဆံမှုမရှိချစေရန် တန်းတူအခွင့်အရေးပေးရန် ရည်ရွယ်သည်။

မြန်မာနိုင်ငံတွင် မသန်စွမ်းဦးရေ ၂ ဒသမ ၃ သန်းကျော်ရှိသည်။ ၂၀၂၀ ထွေထွေရွေးကောက်ပွဲတွင် မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာအရ မသန်စွမ်းကိုယ်စားလှယ် ၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ၊ ပဲခူးတိုင်းဒေသကြီးမှ ကိုယ်စားလှယ်တစ်ဦး ရွေးချယ်ခံခဲ့ရသည်။ ပါတီများ၏အွန်လိုင်း မဲဆွယ်ကမ်ပိန်းများထဲတွင် မသန်စွမ်းတို့၏ အခွင့်အရေးနှင့်ပတ်သက်၍ ဖော်ပြထားသော အကြိမ်အရေအတွက် ၃ ကြိမ်သာရှိသည်။ ၂၀၂၀ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သော ပါတီပေါင်း ၉၃ ပါတီတွင် ဝင်ရောက်ယှဉ်ပြိုင်သည့် ကိုယ်စားလှယ်လောင်း ရွေးချယ်ရာ၌ ပါတီ ၃ ခုမှ မသန်စွမ်း ကိုယ်စားလှယ်လောင်း ၄ ဦးပါဝင်ယှဉ်ပြိုင်ခဲ့သည်။ ပါတီအချို့၏ မူဝါဒတွင် မသန်စွမ်းအခွင့်အရေးနှင့်ပတ်သက်၍ ထည့်သွင်းဖော်ပြထားသည်ကို တွေ့ရှိရသည်။ ဖယ်ကြဉ်ခံလူနည်းစုများဖြစ်သည့် မသန်စွမ်းသူများ၏ အရေးနှင့်ပတ်သက်၍ ပြဋ္ဌာန်းထားသော ဥပဒေများ အသက်ဝင်လာရန် လိုအပ်နေသည်။ ရွေးကောက်ပွဲ ကျင်းပပြီး ၃ မြောက်နေ့တွင် USDP ပါတီ၏ UEC သို့ တိုင်းကြားချက်၊ အိတ်ဖွင့်ပေးစာပေးပို့ရာတွင် မဲဆန္ဒရှင် မသန်စွမ်းအခွင့်အရေးကို ဖိနှိပ်ခွဲခြားဆက်ဆံခဲ့သည်။ ယင်းအိတ်ဖွင့်ပေးစာနှင့် ပတ်သက်၍ လူအများ၏ ဝေဖန်ပြစ်တင်မှုကိုခံခဲ့ရသည်။

**ပါတီများ၏အွန်လိုင်းမဲဆွယ်ကမ်ပိန်းများမှ တွေ့ရှိချက်များ**

(၁) ပါတီပေါင်း ၄၉ ပါတီ၏ အွန်လိုင်း မဲဆွယ်ကမ်ပိန်း ၁၄၃၄ ခုတွင် မသန်စွမ်းအရေးနှင့် ပတ်သက်၍ပြောဆိုမှု ၇ ကြိမ် ရှိခဲ့သည်။

(၂) ယင်းစုစုပေါင်း ၇ ကြိမ်တွင် ပြည်မအခြေစိုက်နိုင်ငံရေးပါတီများထဲမှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီ (NLD) သည် မသန်စွမ်းအရေးနှင့်ပတ်သက်၍ ၂ ကြိမ်အထိ ထည့်သွင်းပြောဆို မဲဆွယ်ခဲ့ပြီး အခွင့်အရေးအတွက် ပြောဆိုခြင်းမဟုတ်ပဲ အကြောင်းအရာကို ထည့်သွင်းဖော်ပြခြင်းသာဖြစ်သည်။

(၃) မသန်စွမ်းအခွင့်အရေးနှင့်ပတ်သက်၍ ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (CNLD) သည် မူဝါဒတစ်ခု အနေဖြင့်လုပ်ဆောင်နေပြီး တန်းတူအခွင့်အရေးရရှိရန် ဆောင်ရွက်နေကြောင်းကို ဗီဒီယိုအတိုတစ်ခု ရိုက်ကူး၍ မဲဆွယ်ပြောဆိုခဲ့သည်။

(၄) တိုင်းရင်းသားနိုင်ငံရေးပါတီများတွင် ညီညွတ်သောတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ (UNDP) သည် မသန်စွမ်းကိုယ်စားလှယ်တစ်ဦး၏ ကိုယ်ရေးအကျဉ်းကို ဖော်ပြခဲ့ပြီး သူ၏လုပ်ဆောင်ချက်များကို ဖော်ပြပြီး လူနည်းစုများ၊ ဖယ်ကျဉ်ခံအုပ်စုများ လူ့အခွင့်အရေးတန်းတူရရှိစေရန်ဟူ၍ ဖော်ပြခဲ့သည်။




၂၀၁၅ မသန်စွမ်းသူများအခွင့်အရေးဥပဒေအရ မသန်စွမ်းရွေးကောက်ပွဲပြုလုပ်ကာ ရန်ကုန်တိုင်းဒေ သကြီးအတွင်းရှိ မသန်စွမ်းအဖွဲ့အစည်းများ၏ ဆန္ဒမဲ ဖြင့်ရွေးချယ်တင်မြှောက်ခဲ့သော အဖွဲ့ဝင်များဖြင့်ဖွဲ့စည်း ထားသော ရန်ကုန်တိုင်းဒေသကြီးမသန်စွမ်းသူများအသင်းအတွင်း အထွေထွေအတွင်းရေးမှူးအဖြစ်တာဝန် ထမ်းဆောင်လျက်ရှိပါသည်

ပြည်ထောင်စုအဆင့် အလုပ်အကိုင်ရေးရာဆပ်ကော်မတီတွင် အဖွဲ့ဝင်အဖြစ်ပါဝင် ပြီး မသန်စွမ်းသူများ အ တွက် အလုပ်အကိုင်အခွင့်အလမ်းများဖော်ဆောင်လျက်ရှိပါသည်

၂၀၁၉ ခုနှစ်တွင် ဆွစ်ဇာလန်နိုင်ငံ ဂျနီဗာမြို့သို့ သွားရောက်ခဲ့ပြီး ကမ္ဘာ့ကုလသမဂ္ဂ မသန်စွမ်းသူများအခွင့် အရေးများဆိုင်ရာ (UNCRPD) စာချုပ်ပါအချက်များအား မသန်စွမ်းသူများစောလျင်စွာခံစားရရှိစေရန် နှင့် လူ့ အခွင့်အရေးရရှိမှုသေချာစေရန် (United Nations Office at Geneva) ၌ဆောင်ရွက်ခဲ့သည်

ကျား/မ တန်းတူညီမျှရေး လိင်စိတ်ခံယူမှုစသော မတူကွဲပြားမှုများပေါ်တွင် ခွဲခြားဆက်ဆံမှုများမရှိစေရန် သင် တန်းများပို့ချပေးခြင်းများဆောင်ရွက်ခဲ့သည်

အမျိုးသမီးများ မျိုးဆက်ပွားကျန်းမာရေးနှင့် ပတ်သတ်သော အသိပညာအမြင်ဖွင့်သင်တန်းများ သားဆက် ခြားကျန်းမာရေးနှင့် ပတ်သတ်ပြီး ဆရာဝန်များနှင့် အတူချိတ်ဆက်ကာ အမျိုးသမီးများ ကျန်းမာရေးတွင် ပါဝင်ဆောင်ရွက်ခဲ့သည်

အလုပ်အကိုင်နှင့် ပတ်သတ်ပြီး အသက်မွေးကျောင်းပညာရပ်ဖြစ်သော Fashion Design ပညာများအား မသန် စွမ်းသူများ LGBTIQ မောင်နှမများ အနယ်နယ်အရပ်ရပ် မှ တိုင်းရင်းသား လူမျိုးစုံအမျိုးသမီးငယ်များအား ကိုယ်ပိုင်ရပ်တည်နိုင်စေရန် အခမဲ့သင်ကြားပေးလျက်ရှိပါသည်

လူနည်းစုများ ဖယ်ကျဉ်ခံအုပ်စုများ လူ့အခွင့်အရေးတန်းတူရရှိစေရန် ဆက်စပ်ပတ်သတ်သော အဖွဲ့အစည်း များနှင့် ပူးပေါင်းလုပ်ဆောင်လျက်ရှိပါသည်

*ပုံ – ၂.၄.၁ ပါတီများ၏ မသန်စွမ်းအရေးနှင့်ပတ်သက်၍ ထည့်သွင်းပြောဆို မဲဆွယ်မှုများ*

## ၂.၅ ကျန်းမာရေးနှင့်ပတ်သက်၍ အွန်လိုင်းကမ်ပိန်းတွင် မဲဆွယ်စည်းရုံးမှုများ

ရွေးကောက်ပွဲမဲဆွယ်ကာလ၌ ပါတီများ၏ ဖေ့ဘုတ်စာမျက်နှာများပေါ်တွင် ဖော်ပြမှုအများဆုံးသည် ကျန်းမာရေးနှင့်ပတ်သတ်သည့် အကြောင်းအရာများ ဖြစ်သည်။ Equality Act 2010 အရ သေစေနိုင်သော ရောဂါဖြစ်ပွားနေသောသူများအတွက် ခွဲခြားဆက်ဆံခြင်းမပြုပဲ အကာအကွယ်ပေးရမည်ဟု ဆိုသည်။ လူ့အဖွဲ့အစည်းတစ်ခုအတွက် ကျန်းမာရေးသည် အခြေခံအရေးကြီးသည့် အချက်တစ်ချက်ဖြစ်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၏ ကြေညာချက်အရ သေစေနိုင်သောရောဂါ ၁၀ မျိုးရှိသည်။ ၎င်းတို့အထဲတွင် ကပ်ရောဂါများလည်းပါဝင်သည်။ ကိုဗစ်ကမ္ဘာ့ကပ်ရောဂါသည် ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလတွင် တရုတ်နိုင်ငံ၊ ဝူဟန်မြို့တွင် စတင်ဖြစ်ပွားပြီး ၂၀၂၀ ခုနှစ်၊ မတ်လမှစ၍ မြန်မာနိုင်ငံတွင် စတင်ဝင်ရောက်ခဲ့သည်။

ကိုဗစ်ကူးစက်မှုနှုန်း လျော့သွားခြင်းမရှိသည့်အတွက် UECအနေဖြင့် သက်ဆိုင်ရာက အချိန်ကာလ/နေရာဒေသအလိုက် ထုတ်ပြန်သည့် ကျန်းမာရေးဆိုင်ရာ အမိန့်များ၊ လမ်းညွှန်ချက်များကို မဲဆွယ်စည်းရုံးရာတွင် ပါတီများအနေဖြင့် လိုက်နာရန် ထုတ်ပြန်ကြေညာခဲ့သည်။ ပါတီများအနေဖြင့် မြေပြင်တွင် မဲဆွယ်ရာတွင် အားကစားနှင့်ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များအတိုင်း လုပ်ဆောင်ရမည်ဟု ညွှန်ကြားခဲ့သည်။ အားကစားနှင့် ကျန်းမာရေးဝန်ကြီးဌာနသည် စက်တင်ဘင်ဘာ ၆ ရက်နေ့မှအောက်တိုဘာ ၃၀ ရက်နေ့အထိ လူ ၃၀ ထက်ပိုမစုရ ဟူသော ကြေညာချက်များ ထုတ်ပြန်ထားသည်။

### ပါတီများ၏အွန်လိုင်းမဲဆွယ်ကမ်ပိန်းများမှ တွေ့ရှိချက်များ

(၁) ကျန်းမာရေးနှင့် ပတ်သက်၍ ကိုဗစ်ကပ်ရောဂါတစ်ခုတည်းကိုသာ ထည့်သွင်းပြောဆိုခဲ့သည်ပြီး ပိုစ့်စုစုပေါင်း ၁၄၃၄ ခုတွင် ၃၁၂ ခုတွင် ဖော်ပြခဲ့သည်။


(၂) နိုင်ငံရေးပါတီများ၏ မဲဆွယ်ကမ်ပိန်းများတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို လိုက်နာမှုရှိပါသည်ဟု အစဉ်သဖြင့် ပြောကြားခဲ့သည်။

(၃) စားနပ်ရိက္ခာများထောက်ပံ့ခြင်း၊ ဆေးဖြန်းခြင်းနှင့် အခြားကိုဗစ်ဆိုင်ရာကူညီခြင်းများကို အဓိကပြသ၍ အွန်လိုင်းကမ်ပိန်းများ လုပ်ဆောင်ခဲ့သည်။

(၄) ပြည်မအခြေစိုက်နိုင်ငံရေးပါတီများထဲမှ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ (**NUP**) သည် ကိုဗစ်ကူးစက်မှု တိုးလာသည့်အတွက် ရွေးကောက်ပွဲ ရွှေ့ဆိုင်းပေးရေး အိတ်ဖွင့်ပေးစာပို့ခြင်းများကို ပါတီ၏ စာမျက်နှာတွင် တင်ခဲ့သည်။


(၅) ပြည်မအခြေစိုက်နိုင်ငံရေးပါတီများထဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (**NLD**) သည် ကိုဗစ်ရောဂါနှင့် ပတ်သက်၍ ပြောဆိုမှုအများဆုံးဖြစ်ပြီး ပို့စ်ပေါင်း ၂၆၀ တွင် **engagement** ကိုတွက်ထုတ်ကြည့်ရာ ပြန်လည်မျှဝေသူ ၂၈၇၈ ယောက်၊ ကြိုက်နှစ်သက်သူ ၂၉၇၄၆ နှင့် ထင်မြင်ချက်ပေးသူ ၁၀၂၈ ရရှိခဲ့သည်။

(၆) တိုင်းရင်းသားနိုင်ငံရေးပါတီများထဲတွင် **SNLD** သည် အကြိမ်အရေအတွက် အများဆုံးဖြစ်ပြီး ပြန်လည်မျှဝေသူ ၆၈၀ ယောက်၊ ကြိုက်နှစ်သက်သူ ၆၉၀၀ ရှိခဲ့သည်။





*<u>ပုံ – ၂.၅.၁ ပြည်မအခြေစိုက်နိုင်ငံရေးပါတီများ၏ ကိုဗစ်ရောဂါနှင့်ပတ်သက်၍</u>*

*<u>ပြောဆိုရာတွင်အသုံးပြုသူများ၏ အခြေအနေပြဇယား</u>*




ပုံ – ၂.၅.၂ တိုင်းရင်းသားနိုင်ငံရေးပါတီများ၏ ကိုဗစ်ရောဂါနှင့်ပတ်သက်၍ပြောဆိုရာတွင်အသုံးပြုသူများ၏ အခြေအနေပြဇယား




ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ
United Nationalities Democracy Party
အမှတ်(စ)ပထမထပ်၊ မနော်ဟရလမ်း၊ ကျောက်မြောင်းတာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
Phone : 09 - 778 261 658 / Email - UNDP2020@gmail.com

သို့ဖြစ်ပါ၍ ပြည်သူတို့၏ ကျန်းမာရေးဆိုင်ရာ လုံခြုံရေးကို ငဲ့ကွက်သောအနေဖြင့်လည်းကောင်း၊ လွတ်လပ်မျှတသော ရွေးကောက်ပွဲဖြစ်ပေါ်ရေးကို ဦးတည်၍လည်းကောင်း၊ ရွေးကောက်ပွဲ၏ ပွင့်လင်းမြင်သာမှု နှင့် တရားဝင်မှုအတွက်လည်းကောင်း စသည့်အကြောင်းအချက်များအပေါ် အခြေခံ၍ ရန်ကုန်တိုင်းဒေသကြီးအတွင်း (Stay at Home) ထုတ်ပြန်ထားသော ၄၄မြို့နယ်၌ ရွေးကောက်ပွဲကျင်းပမည့်ရက်ကို ရွှေ့ဆိုင်းပေးပါရန် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝင်ရောက်ယှဉ်ပြိုင်မည့် ကျွန်ုပ်တို့လွှတ်တော်ကိုယ်စားလှယ်လောင်းများက လက်မှတ်ရေးထိုးတောင်းဆိုလိုက်သည်။

| | | |
|---|---|---|
| ၁။ ဦးဒေးဗစ်လှမြင့် | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း | ကော့မှူးမြို့နယ် |
| ၂။ ဒေါက်တာမိုးမိုးသီ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း | ဆိပ်ကြီးခနောင်တိုမြို့နယ် |
| ၃။ ဦးစိုးတင်ညွန့် | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း | ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် |
| ၄။ ဦးသန်းထူး | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း | တွံတေးမြို့နယ် |
| ၅။ စောအဲလဘတ်ချို | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း | တိုက်ကြီးမြို့နယ် |
| ၆။ ဒေါ်ချောစုလှိုင် | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း | မြောက်ဥက္ကလာပမြို့နယ် |
| ၇။ ဒေါ်အေးအေးခိုင် | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း | ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် |
| ၈။ ဒေါ်မာမာဆွေ | အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း | ရန်ကုန်တိုင်းဒေသကြီးအမှတ်(၇) |
| ၉။ နော်အုန်းလှ | ကရင်တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်လောင်း | ရန်ကုန်တိုင်းဒေသကြီး |
| ၁၀။ ဦးရွှေထွန်း | တိုင်းဒေသကြီး(၁)လွှတ်တော်ကိုယ်စားလှယ်လောင်း | တွံတေးမြို့နယ် |
| ၁၁။ ဦးကျော်နိုင်ဦး | တိုင်းဒေသကြီး(၂)လွှတ်တော်ကိုယ်စားလှယ်လောင်း | တွံတေးမြို့နယ် |
| ၁၂။ ဦးသန့်ဇင် | တိုင်းဒေသကြီး(၂)လွှတ်တော်ကိုယ်စားလှယ်လောင်း | ကော့မှူးမြို့နယ် |

မိတ္တူကို
ရုံးလက်ခံ



ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ
United Nationalities Democracy Party
အမှတ်(စ)ပထမထပ်၊ မနော်ဟရလမ်း၊ ကျောက်မြောင်းတာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
Phone : 09 - 778 261 658 / Email - UNDP2020@gmail.com

စာအမှတ် ०၅၁/ ကမရ/ ညတဒ/၂၀၂၀
ရက်စွဲ ၂၀၂၀ခုနှစ် အောက်တိုဘာလ ၂၁ ရက်

သို့

ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

အကြောင်းအရာ။ **ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပွားမှု အများဆုံးဖြစ်နေသော ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ (ကိုကိုးကျွန်းမြို့နယ်မပါ) ၄၄မြို့နယ်အား ရွေးကောက်ပွဲကျင်းပခြင်းရွှေ့ဆိုင်းရန်ကိစ္စ။**

၂၀၂၀ပြည့်နှစ် အောက်တိုဘာလ ၂၀ရက် မွန်းလွဲပိုင်း (၆း၀၀)အထိ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်သော အသေးစိတ်အချက်အလက်များအရ မြန်မာနိုင်ငံတွင် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ (Coronavirus Disease 2019 - COVID-19) ဖြစ်ပွားသူ ၃၇၁၉၆ ဦးရှိသည့်အနက် ၂၉၁၆၇ ဦး ရာခိုင်နှုန်းအားဖြင့် (၇၈.၄) ရာခိုင်နှုန်းသည် ရန်ကုန်တိုင်းဒေသကြီးမှ လူနာများဖြစ်သည်ကို တွေ့ရှိရပါသည်။

ရန်ကုန်တိုင်းဒေသကြီးရှိ (ကိုကိုးကျွန်းမြို့နယ်မပါ) ၄၄မြို့နယ်တွင် ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးရေးလုပ်ငန်းများ လုပ်ဆောင်ခွင့် မရရှိခဲ့သည့်အပြင် မြို့နယ်တစ်ခုမှတစ်ခုသို့ ဖြတ်ကျော် ကူးသန်းခြင်းမပြုရန် ကြေညာချက်ကိုလည်း ထုတ်ပြန်ထားပါသည်။

ဤကဲ့သို့ ကျန်းမာရေးဆိုင်ရာ လုံခြုံရေး (Health Security) အာမခံချက်နည်းပါးလှသည့် ရန်ကုန်တိုင်းဒေသကြီးတွင် ရွေးကောက်ပွဲကျင်းပပါက ပြည်သူတို့၏ ကျန်းမာရေးအတွက် လွန်စွာမှပင် စိုးရိမ်ပူပန်မိပါသည်။ **ရွေးကောက်ပွဲအောင်နိုင်ရေးသည် ဒုတိယ၊ ပြည်သူ့ကျန်းမာရေးသည်သာအဓိက ပထမ** ဖြစ်သည်ဟု ကျွန်ုပ်တို့ ညီညွတ်သောတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီက ယုံကြည်လက်ခံထားပါသည်။

၂၀၂၀ပြည့်နှစ် အောက်တိုဘာလ(၁၆)ရက်နေ့တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာသည့် ရွေးကောက်ပွဲကျင်းပခြင်းမပြုနိုင်သည့် နယ်မြေများစာရင်းတွင် ရန်ကုန်တိုင်းဒေသကြီးမှ အိမ်တွင်းသာနေထိုင်ရန် (Stay at Home) ထုတ်ပြန်ထားသည့် ၄၄မြို့နယ်များ ပါဝင်လာခြင်းမရှိသည်ကို တွေ့ရှိရပါသည်။

ပုံ – ၂.၅.၃ ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီမှ ကိုဗစ်ရောဂါနှင့်ပတ်သက်၍ ရွေးကောက်ပွဲကျင်းပခြင်းရွှေ့ ဆိုင်းရန်တောင်းဆိုမှု

## ၂.၆ စစ်ဘောင်ချဲ့ခြင်းနှင့် ဖက်ဒရယ်ဝါဒများ အပေါ် ပါတီများ၏ အသုံးချမှု

ဒီမိုကရေစီအသွင်ကူးပြောင်းရေးတွင် စစ်တပ်၏ အခန်းကဏ္ဍလျော့ချမှုမှာ အလွန်အရေးကြီးသည်။ ဒီမိုကရေစီစနစ်တွင် အစိုးရမှ ပြည်သူကို ကိုယ်စားပြုကာ ရွေးကောက်ပွဲဖြစ်စဉ်၊ နိုင်ငံရေးပါတီဖွဲ့ရေးစနစ်၊ လွှတ်တော်၏ အခန်းကဏ္ဍ (သို့မဟုတ်) ဥပဒေပြုရေးနှင့် အခြားအဖွဲ့အစည်းများ၏ အစိုးရအရာရှိများ၏ ဂုဏ်သိက္ခာနှင့် တာဝန်ယူမှုတို့ကို ရရှိအောင်ပြုလုပ်ပြီး၊ စစ်ဘက်ဆိုင်ရာတပ်ဖွဲ့များနှင့် ရဲတပ်ဖွဲ့တို့အပေါ် ပြည်သူမှ ထိန်းချုပ်နိုင်ခြင်းတို့ပါဝင်သည်။[1] တစ်ဖက်တွင်လည်း မြန်မာ့တပ်မတော်မှာ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေထိုင်နေကြသည့် လက်နက်ကိုင်လူမျိုးစုတပ်ဖွဲ့များနှင့် ပြည်တွင်းစစ်ဖြစ်ပွားလျက်ရှိပြီး၊ တိုင်းရင်းသားလူမျိုးစုများလိုလားလျက်ရှိသည့် ငြိမ်းချမ်းရေး၊ ဖက်ဒရယ်အရေးတို့မှာ တပ်မတော်နှင့် ဆက်နွယ်သက်ဆိုင်လျက်ရှိသည်။ ထို့အပြင် လုံခြုံရေးအခန်းကဏ္ဍတွင်လည်း စစ်တပ်၏ အခန်းကဏ္ဍမှာလည်း ရှိနေသေးသည့်အတွက် ရွေးကောက်ပွဲကာလ မဲဆွယ်စည်းရုံးမှုများတွင် စစ်တပ်၏ အခန်းကဏ္ဍနှင့် ဖက်ဒရယ်အရေးတို့နှင့်ပတ်သက်၍ ထည့်သွင်းအသုံးပြုမဲဆွယ်မှုများကို လေ့လာခဲ့သည်။


### ပါတီများ၏အွန်လိုင်းမဲဆွယ်ကမ်ပိန်းများမှ တွေ့ရှိချက်များ

(၁) ပြည်သူ့ရှေ့ဆောင်ပါတီ (PPP) အနေဖြင့် လက်ရှိနိုင်ငံရေးတွင် ဒီမိုကရေစီနည်းလမ်းဖြင့် စနစ်တကျ ရွေးကောက်ခံထားခြင်းမရှိသည့် တပ်မတော်ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းနှင့်ပတ်သက်၍ အနုတ်သဘောဆောင်သည့် ပြောဆိုဝေဖန်မှုနည်းပါးပြီး၊ အားလုံးလက်တွဲလုပ်ဆောင်ရမည်ဟူသည့် စကားရပ်တွင် တပ်မတော်ကို ထည့်သွင်း၍ ပြောဆိုမှုများရှိခဲ့သည်။


(၂) ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (SNLD) အနေဖြင့် တပ်မတော်၏ အခန်းကဏ္ဍကို လျှော့ချရန် အများဆုံးပြောဆိုကာ မဲဆွယ်စည်းရုံးခဲ့သည်ကို တွေ့ရှိရသည်။

(၃) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (NLD) အနေဖြင့်လည်း စစ်တပ်၏ အခန်းကဏ္ဍ၊ စစ်အာဏာရှင်အုပ်ချုပ်ရေးစနစ်ကို မလိုလားပဲ၊ ဒီမိုကရေစီစနစ်ထွန်းကားရေးကို ပါတီ၏ မူဝါဒအဖြစ်ဆောင်ရွက်နေသည့် အကြောင်းများကို ထည့်သွင်းမဲဆွယ်မှုများပြုလုပ်ခဲ့သည်။

[1] https://www.idea.int/sites/default/files/publications/assessing-the-quality-of-democracy-overview-MY.pdf





ပုံ – ၂.၆.၁ စစ်တပ်နှင့် ပတ်သက်၍ တိုင်းရင်းသားနိုင်ငံရေးပါတီများမှ ထည့်သွင်းပြောဆိုသည့် အမျိုးအစားပြဇယား




ပုံ – ၂.၆.၂ စစ်တပ်နှင့် ပတ်သက်၍ ပြည်မအခြေစိုက်နိုင်ငံရေးပါတီများမှ ထည့်သွင်းပြောဆိုသည့် အမျိုးအစားပြဇယား

ဖက်ဒရယ်ဒီမိုကရေစီစနစ်မှာ တိုင်းနှင့် ပြည်နယ်များ၏ ဖွံ့ဖြိုးတိုးတက်ရေး၊ လူမျိုးစုများ၏ ယဉ်ကျေးမှု၊ လူမှုရေး၊ စီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်ရေးစသည့် ကဏ္ဍများနှင့် ချိတ်ဆက်နေသည့်အတွက် ထိုအကြောင်းအရာများနှင့် ချိတ်ဆက်ကာ ဖက်ဒရယ်စနစ်အကောင်အထည်ဖော်ရေးကိစ္စရပ်ကို အသုံးပြု၍ မဲဆွယ်စည်းရုံးကြသည်ကို တွေ့ရှိရသည်။




*ပုံ – ၂.၆.၃ ဖက်ဒရယ်အရေးနှင့် ပတ်သက်၍ ပြည်မအခြေစိုက်ပါတီများမှ ထည့်သွင်းပြောဆိုသည့် အမျိုးအစားပြဇယား*


**ဖက်ဒရယ်အရေးနှင့်ပတ်သက်၍ ပါတီများ၏အွန်လိုင်းမဲဆွယ်ကမ်ပိန်းများမှ တွေ့ရှိချက်များ**

(၁) ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (SNLD) အနေဖြင့် ဖက်ဒရယ်အကြောင်းအရာနှင့် ပတ်သက်၍ အများဆုံးထည့်သွင်းပြောဆိုကာ မဲဆွယ်ခဲ့သည်ကို တွေ့ရှိရသည်။

(၂) ဒုတိယအများဆုံးမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (NLD) ဖြစ်ပြီး ပါတီ၏ မူဝါဒတွင် ဖက်ဒရယ်ဒီမိုကရေစီစနစ်ကို ထည့်သွင်းပြဌာန်းကာ ဆောင်ရွက်နေသည့်အကြောင်းကို ညွှန်းဆိုကာ မဲဆွယ်ခဲ့သည်။

(၃)  ထို့အပြင် တိုင်းရင်းသားနိုင်ငံရေးပါတီများဖြစ်သည့် ဖက်ဒရယ်ပြည်ထောင်စုပါတီ (**FUP**)၊ တိုင်းလိုင် (ရှမ်းနီ) အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ(**TNDP**), ကရင်မျိုးသားပါတီ (**KNP**)၊ ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ (**KNDP**) အပါအဝင် အခြားသောပါတီများမှ ကိုယ်ပိုင်အုပ်ချုပ်ရေး၊ ဖက်ဒရယ်ဒီမိုကရေစီ အရေးစသည့် စကားလုံးများကို သုံးစွဲ၍မဲဆွယ်မှုအသီးသီးရှိခဲ့ကြသည်။

*ပုံ - ၂.၆.၄*
*တိုင်းရင်းသားနိုင်ငံရေးပါတီများမှ ဖက်ဒရယ်အရေးနှင့် ပတ်သက်၍ ထည့်သွင်းပြောဆိုသည့် အမျိုးအစားပြဇယား (ယာပုံ)*




**အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ**
October 15 ·

အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ၏ "အင်းသားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရရှိရေး" ဟူသော ဦးတည်ချက်နှင့်ပါတ်သက်သည့် ခံယူချက်သဘောထားအမြင်။
-----------------

- ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရရှိရေးသည် နိုင်ငံရေးအရ သိမ်မွေ့နက်ရှိုင်းပါသည်။ ပါတီအနေဖြင့် မြန်မာနိုင်ငံတွင် ကျင့်သုံးလာပြီးနှင့် ကျင့်သုံးဆဲဖြစ်သော အခြေခံဥပဒေများ ဖြစ်ကြသည့် ၁၉၄၇, ၁၉၇၄, ၂၀၀၈ များကိုလည်းကောင်း ယခုနိုင်ငံရေးအင်အားစုများအားလုံးနှင့် တပ်မတော်, တိုင်းရင်းသား လက်နက်ကိုင်များ အားလုံးက ဦးတည်နေကြသော ဖက်ဒရယ်နှင့်ပါတ်သက်သည့် အဓိပ္ပါယ်ဖွင့်ဆိုမှုများ လက်တွေ့ကျင့်သုံးမှုများကိုလည်းကောင်း ကျယ်ကျယ်ပြန့်ပြန့်လေ့လာခဲ့ကြပါသည်။ထို့အပြင် မိမိတို့ အင်းသားတိုင်းရင်းသားများ၏ လက်ရှိ ပကတိ အနေအထား၊ အင်းသားများ၏ ရင်တွင်းဆန္ဒ လိုအပ်ချက်နှင့် မျှော်မှန်းချက် များကိုလည်း ထဲထဲဝင်ဝင် ပြန်လည်သုံးသပ်ခဲ့ပါသည်။ အင်းအမျိုးသားအဖွဲ့ချုပ်ပါတီအနေဖြင့် အထူးအလေးပေး ထားခဲ့သော သဘောထားမှာ အင်းလေးကန်နှင့် အင်းလေးလွင်ပြင်ကြီးထဲတွင် အင်းသားလူမျိုး များသည် အခြားသော ညီနောင်နွယ်ဖွား တိုင်းရင်းသားများအားလုံးနှင့် အတူတကွ နေထိုင်လာသည်ဖြစ်ရာ အတူနေ တိုင်းရင်းသား ညီနောင်များအားလုံး လိုက်လျောညီထွေစွာ ချစ်ကြည်ရင်းနှီးမှု နှင့် ဖွံ့ဖြိုးတိုးတက်မှုတွင်လည်း မျှဝေခံစားနိုင်သော လူ့အဖွဲ့အစည်း တခု တည်ဆောက်နိုင်ရေး ဖြစ်ပါသည်။

နောက်ပြီးတော့မှ တိုင်းရင်းသား အကျိုးတွေ ဖက်ဒရယ် အကျိုးတွေကို ကောင်းကောင်းမွန်မွန် လုပ်နိုင်ခဲ့တဲ့ပါတီဖြစ်တဲ့ အတွက်ကြောင့်မလို့၊ ကျမ အင်မတန်မှ ယုံကြည်တာဖြစ်တဲ့အတွက်ကြောင့် ကျမပါဝင်လာခြင်းဖြစ်ပါတယ်။
ကျမကိုယ်တိုင်ကလည်း ဒီဖက်ဒရယ်စနစ်ကို အသုံးပြုပြီးတော့မှသာ ကျမတို့နိုင်ငံမှာ ငြိမ်းချမ်းရေးရနိုင်မယ်။ ကျမတို့ နိုင်ငံကြီး ပိုပြီးတိုးတက်ဖွံ့ဖြိုးသွားမယ်။
နောက်ပြီးတော့မှ တိုင်းရင်းသားနဲ့ တိုင်းရင်းသား လူမျိုးစုကြီးတွေနဲ့ တိုင်းရင်းသား လူမျိုးစုငယ်ကြားထဲမှာ ရှိနေတဲ့ ပဋိပက္ခတွေ ပြေလည်စွာဖြေရှင်းနိုင်ပြီးတော့မှ ပိုပြီးတော့ ငြိမ်းချမ်းစွာ အတူတကွ လက်တွဲနေထိုင်သွားနိုင်မယ်လို့ ယုံကြည်တဲ့အတွက်ကြောင့်မလို့၊ ဒီပါတီရဲ့မူဝါဒကို ကြိုက်တဲ့ အတွက် ကြောင့် ဝင်ရောက်လာခြင်း ဖြစ်ပါတယ်။

*ပုံ ၂.၆.၅*
*တိုင်းရင်းသားနိုင်ငံရေးပါတီများမှ ဖက်ဒရယ်အရေးနှင့် ပတ်သက်၍ မဲဆွယ်ရာတွင် ထည့်သွင်းပြောဆိုမှုများ (ဝဲပုံ)*

# အခန်း (၃)

# ရွေးကောက်ပွဲကော်မရှင်အပေါ် ဝေဖန်ခြင်းနှင့် ရွေးကောက်ပွဲအပြီး ပါတီများ၏ ပြောဆိုစကားများ

## ၃.၁ ရွေးကောက်ပွဲကော်မရှင်၏ လုပ်ဆောင်ချက်များနှင့် ပါတီများ၏ တုံ့ပြန်မှု

ရွေးကောက်ပွဲတစ်ခုကို ပုံဖော်နိုင်သော ရွေးကောက်ပွဲကော်မရှင်၏ ဥပဒေပါ ပြဋ္ဌာန်းချက်များသည် အရေးပါသည်။ စစ်မှန်ခိုင်မာသော ဒီမိုကရေစီစနစ် တည်ဆောက်နိုင်ရန်အတွက် အများယုံကြည်လက်ခံသော လွတ်လပ်၍တရားမျှတသည့် ရွေးကောက်ပွဲများကို တူညီသောအခွင့်အရေးဖြင့် ဘက်လိုက်ခြင်းမရှိဘဲ ပွင့်လင်းမြင်သာစွာ ကျင်းပပေးရန်အတွက် ၂၀၁၀ ခုနှစ်တွင် နိုင်ငံတော်အစိုးရမှ စတင်တည်ထောင်ခဲ့သည်။ ပါတီအားလုံး ပါဝင်နိုင်သည့်၊ ပါတီအားလုံးကို ကိုယ်စားပြုသည့် ပြဋ္ဌာန်းချက်ဥပဒေဖြစ်ရန်လိုအပ်သည်။ လက်ရှိအာဏာရပါတီ၏ အကျိုးကိုရှေ့ရှုခြင်းမပြုဘဲ မြန်မာနိုင်ငံရေးပါတီစနစ် အားကောင်းစေရန် ဖော်ဆောင်နိုင်သော ဥပဒေပြဋ္ဌာန်းချက်များ ဖြစ်သင့်သည်။ မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲကော်မရှင်၏ ဖွဲ့စည်းပုံကိုရှေးဦးစွာကို ပြောပြလိုပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၉၈၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မ ၄၀၃ အရ ၂၀၁၂ ခုနှစ်၊ မတ်လ၊ ၁၉ရက်နေ့တွင် UEC ဥပဒေကို ထုတ်ပြန်ခဲ့ပြီးနောက် ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် အသုံးပြုမည့် UEC ဥပဒေကို ၂၀၁၇ ခုနှစ်တွင် ဒုတိယအကြိမ်ပြင်ဆင်ခဲ့သည်။ ဖွဲ့စည်းပုံကပေးအပ်ထားသော UEC ပြဋ္ဌာန်းချက်များအရ နိုင်ငံတော်သမ္မတသည် UEC တစ်ရပ်ကိုဖွဲ့ စည်းနိုင်သည်။ ရွေးကောက်ပွဲကော်မရှင်၏ ဥပဒေအခန်း(၄)၊ ပုဒ်မ ၁၀ တွင် လုပ်ပိုင်ခွင့်နှင့် တာဝန်များကို ဖော်ပြထားသည်။ ရွေးကောက်ပွဲ ကျင်းပမည့်အချိန်ကို သတ်မှတ်ခြင်း၊ မဲဆန္ဒနယ်သတ်မှတ်ခြင်း၊ မဲစာရင်းပြုစုခြင်း၊ ရွေးကောက်ခံကိုယ်စားလှယ် အသိအမှတ်ပြုခြင်းအပါအဝင် ရွေးကောက်ပွဲနှင့်ဆိုင်သည့် မည်သည့်အငြင်းပွားမှုကိုမဆို UEC ၏သဘောထားဆုံးဖြတ်ချက်နှင့် ဖြေရှင်းနိုင်သည်။ ၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်နေ့တွင် UEC မှ ရွေးကောက်ပွဲကျင်းပခြင်းမပြုမည့် နယ်မြေစာရင်းများကို ထုတ်ပြန်ကြေညာခဲ့သည်။ ယင်းကြေညာချက်အပြီးတွင် ပါတီများဘက်မှ ပြင်းပြင်းထန်ထန်ဝေဖန်မှုများ ပြုလုပ်ခဲ့သည်။ ၂၀၂၀ ခုနှစ်၊ ဇူလိုင်လ၊ ၁ ရက်နေ့တွင် အထွေထွေရွေးကောက်ပွဲများ ကျင်းပမည့်နေ့ရက်များကို သတ်မှတ်ကြေညာခဲ့သည်။ ၂၀၂၀ ခုနှစ်၊ စက်တင်ဘာလ၊ ၆ ရက်နေ့ ရက်စွဲပါ ကြေညာချက်တွင် ကိုယ်စားလှယ်လောင်းများ

အတွက် မဲဆွယ်စည်းရုံးခွင့်ကာလကို ထုတ်ပြန်ကြေညာသည့် အချိန်မှစ၍ မဲဆွယ်ကာလအတွင်း ကြေညာချက်ပေါင်း ၁၆ စောင် ထုတ်ပြန်ခဲ့သည်။

ထိန်းချုပ်ရေးကာလအတွင်းပြုလုပ်ခဲ့သည်အတွက် ပါတီများဖက်မှ ရွေးကောက်ပွဲရွှေ့ဆိုင်းပေးရန်၊ ကျန်းမာရေးနှင့် ပတ်သက်၍ စိုးရိမ်ရသည့်အတွက် မြို့နယ်တစ်မြို့နယ်နှင့် တစ်မြို့နယ်အကြား မဲဆွယ်ရန်သွားလာရာတွင် အခက်အခဲများရှိသည့်အတွက် ရွေးကောက်ပွဲရွှေ့ဆိုင်းပေးရန် အိတ်ဖွင့်ပေးစာ ပေးပို့ခဲ့ခြင်းများရှိသည်။ UEC အနေဖြင့် COVID-19 ရောဂါထိန်းချုပ်ကာလ မဲဆွယ်စည်းရုံးရေးနှင့် ပတ်သက်၍ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်သည့် ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရန် အတွက်သာ ကြေညာချက် ထုတ်ပြန်ခဲ့သည်။ လူအင်အားသုံး၍ မဲဆွယ်စည်းရုံးမှုများပြုလုပ်ခြင်းနှင့် ပတ်သက်၍ သီးသန့်ပြောဆို တားမြစ်ခဲ့ခြင်းမရှိခဲ့ပေ။ UEC ၏ကြေညာချက်များအနက် အောက်တိုဘာလ ၁၆ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော ရွေးကောက်ပွဲမကျင်းပနိုင်သည့် နယ်မြေစာရင်းကို ကြေညာချက်သည် ဝင်ရောက်ယှဉ်ပြိုင်သည့် ကိုယ်စားလှယ်လောင်းများ၊ ပါတီများအကြား လှုပ်ခတ်မှုရှိခဲ့သည်။ ရခိုင်ပြည်နယ်ရှိ မြို့နယ် ၁၃ မြို့နယ်၊ ရှမ်းပြည်နယ်ရှိ မြို့နယ် ၂၃ မြို့နယ်၌ မဲဆန္ဒနယ်အများစုတွင် လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲကျင်းပရန် အခြေအနေမရှိသဖြင့် ကျင်းပခြင်းပြုမည့် မဟုတ်ကြောင်း ကြေညာခဲ့သည်။ ယင်းထုတ်ပြန်ကြေညာချက်များနှင့် ပတ်သက်၍ ပါတီများအနေဖြင့် UEC အား ထုတ်ပြန်ကြေညာချက်ကို ပြည်နယ်၊ တိုင်း၊ အသီးသီးရှိ ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီအဆင့်ဆင့် ဖွဲ့စည်းထားသော်လည်း ကန့်သတ်နယ်မြေကြေညာတွင် အောက်ခြေအဖွဲ့များနှင့် တိုင်ပင်ခြင်းမရှိပဲ မြေပြင်အခြေအနေကို ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်ကို တွေ့ရသည်။ ပါတီများ၏ နိုင်ငံပိုင်မီဒီယာများတွင် ပါတီမဲဆွယ်မှုများအတွက် ဟောပြောပွဲများ ပြုလုပ်ရာတွင် UEC အနေဖြင့် ဆင်ဆာဖြတ်တောက်ခြင်းများ ပြုလုပ်ခဲ့သည့်အတွက် ဆင်ဆာဖြတ်တောက်ခံရသော ပါတီများအနေဖြင့် UEC ၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုမှု FOE ချိုးဖောက်မှုအပေါ် သဘောထားကြေညာချက်များ ထုတ်ပြန်ခဲ့သည်။

UEC ၏ရွေးကောက်ပွဲ မကျင်းပနိုင်သည့် နယ်မြေစာရင်းများ ထုတ်ပြန်မှုအပေါ် ပါတီများကသာမက ထိုဒေသရှိ ဒေသခံများ၏ မကျေနပ်ချက်များကိုလည်း ပါတီများ၏ ဖေ့ဘွတ်စ်စာမျက်နှာပေါ်တွင် ရေးတင်ခဲ့ကြသည်။ ထိုသို့ ဝေဖန်မှုများ မြင့်တတ်လာပြီးနောက် UEC အနေဖြင့် အောက်တိုဘာ ၂၇ ရက်နေ့တွင် အသစ်ပြန်လည်ထုတ်ပြန်ခဲ့ပြီး ရခိုင်ပြည်နယ်ရှိ ကျောက်ဖြူနှင့် အမ်းမြို့နယ်ရှိ မဲဆန္ဒနယ်အချို့တွင် ရွေးကောက်ပွဲ ပြုလုပ်ရန်ခွင့်ပြုခဲ့သည်။ သုတေသနပြုလေ့လာတွေ့ရှိချက်အရ UEC ၏ လုပ်ဆောင်ချက်များ

နှင့် ပတ်သက်၍ပါတီများ၏ ဖေ့ဘွတ်စ်စာမျက်နှာများမှ ဝေဖန်မှုစုစုပေါင်း ၄၆ ကြိမ်တွင် ၁၇ ကြိမ်သည် UEC ၏လုပ်ရပ်များကို လုံးဝရှုံ့ချထားပြီး ၉ ကြိမ်သည် UEC ၏ကြေညာချက်များကို သဘောမတူကြောင်း ပြောထားသော ပို့စ်များဖြစ်သည်။

**ပါတီများ၏အွန်လိုင်းမဲဆွယ်ကမ်ပိန်းများမှ တွေ့ရှိချက်များ**

(၁) ရွေးကောက်ပွဲကော်မရှင်နှင့် ပတ်သက်၍ ပါတီများ၏ အွန်လိုင်းမဲဆွယ်ကမ်ပိန်းများတွင် အကြိမ် ၇၀ အထိ ထည့်သွင်းပြောဆိုခဲ့သည်။


(၂) ပြည်မအခြေစိုက်နိုင်ငံရေးပါတီများထဲတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ (USDP) သည် UEC နှင့်ပတ်သက်၍ ၁၂ ကြိမ်အထိ ပြောဆိုခဲ့သည့်အနက် ၂ ကြိမ်သည် UEC ၏လုပ်ရပ်များကို အလွန်အမင်းဝေဖန်ခဲ့ခြင်း ဖြစ်သည်။

(၃) ဒုတိယအများဆုံးပြောဆိုသည့်ပါတီသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (NLD) ဖြစ်ပြီး UEC နှင့်ပတ်သက်၍ ၈ ကြိမ်ပြောဆိုမှုရှိခဲ့ပြီး ဝေဖန်ခြင်း၊ ထောက်ခံခြင်းမရှိပဲ သာမန်ထည့်သွင်းရေးသားခဲ့ခြင်း ဖြစ်သည်။


(၄) ပြည်မအခြေစိုက်နိုင်ငံရေးပါတီများထဲတွင် UEC ၏လုပ်ရပ်များအပေါ် အလွန်အမင်းဝေဖန်မှု အများဆုံးပါတီမှာ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (DPNS) ဖြစ်ပြီး ၄ ကြိမ်အထိရှိခဲ့သည်။

(၅) ပြည်မအခြေစိုက်နိုင်ငံရေးပါတီများဖက်မှ UEC ၏လုပ်ရပ်နှင့်ပတ်သက်၍ ၄၁ ကြိမ်အထိ ပြောဆိုမှုရှိခဲ့ပြီး ၃၁ ကြိမ်သည် အလွန့်အလွန်ဝေဖန်ပြောဆိုထားခြင်းဖြစ်သည်။

(၆) တိုင်းရင်းသားနိုင်ငံရေးပါတီများထဲတွင် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (SNLD) သည် ၂၆ ကြိမ်အထိ ထည့်သွင်းပြောဆိုခဲ့ပြီး ၁၆ ကြိမ်သည် UEC ၏မဲဆန္ဒနယ် ကန့်သတ်ကြေညာခြင်း၊ နိုင်ငံပိုင်ရေဒီယို၊ ရုပ်မြင်သံကြားများတွင် ပါတီများ၏ မဲဆွယ်မိန့်ခွန်းများကို UEC မှဆင်ဆာဖြတ်တောက်ခြင်း စသည့်ကိစ္စရပ်များအပေါ်တွင် အလွန်အမင်းဝေဖန်ခဲ့ခြင်းဖြစ်သည်။




ပုံ – ၃.၁.၁ UEC ၏ လုပ်ဆောင်ချက်များအပေါ် ပြည်မအခြေစိုက်နိုင်ငံရေးပါတီများ တုံ့ပြန်သဘောထားပြဇယား




ပုံ – ၃.၁.၂ UEC၏ လုပ်ဆောင်ချက်များအပေါ် တိုင်းရင်းသားနိုင်ငံရေးပါတီများ၏ တုံ့ပြန်သဘောထားပြဇယား




*ပုံ – ၃.၁.၃ UEC ၏ လုပ်ဆောင်ချက်များအပေါ် ပါတီများ၏ တုံ့ပြန်သဘောထားကြေညာချက်များနှင့် ပြောဆိုမှုများ*

## ၃.၂ ရွေးကောက်ပွဲပြီး ပါတီများ၏ပြောဆိုမှုများ


ရွေးကောက်ပွဲကျင်းပသော ၂၀၂၀ခုနှစ်၊ နိုဝင်ဘာလ၊ ၈ ရက်နေ့ နောက်ပိုင်း တစ်ပတ်တာကာလ အတွင်းကို လေ့လာစောင့်ကြည့်ခဲ့သည်။ လေ့လာတွေ့ရှိချက်အရ

(၁) ကိုဗစ် – ၁၉ ကူးဆက်မှုအပေါ် မူတည်၍ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များကြောင့် အောင်ပွဲခံမှုများကို မေတ္တာရပ်ခံသည့် အကြောင်းများကို ပို့(စ်)တင်ခဲ့ကြသည်။

(၂) အရပ်သားအုပ်ချုပ်ရေးစနစ်၊ လူ့အခွင့်အရေး၊ စစ်တပ်၏ အခန်းကဏ္ဍအကြောင်းအရာများကို ရွေးကောက်ပွဲမတိုင်မီ ကာလအတွင်းကကဲ့သို့ မဲဆွယ်ခြင်းမျိုးမဟုတ်တော့ဘဲ၊ ရှေ့ဆက်ဆောင်ရွက်မည့် အကြောင်းအရာများပြောကြားရာတွင် ထည့်သွင်းသုံးစွဲခြင်းတို့ဖြစ်ကြသည်။

(၃) ကျန်ရှိသော အချက်အလက်အများစုမှာ နိုင်ငံရေးပါတီများ၏ စာမျက်နှာများတွင် ရွေးကောက်ပွဲ ရလဒ်များကိုသာ အများဆုံးတင်ခဲ့သည်ကို တွေ့ရှိရသည်။

(၄) ထို့အပြင် တချို့သော အချက်အလက်များအရ ရွေးကောက်ပွဲမတိုင်မီကာလက ပြောဆိုခဲ့သည့် သတင်းများ၊ အကြောင်းအရာများကို ပြန်တင်သည့် အခြေအနေများလည်းရှိသည်။




ပုံ – ၃.၂.၁ ရွေးကောက်ပွဲကာလပြီးနောက် ပါတီများ၏ ပြောဆိုမှုများမှ တွေ့ရှိချက်ဇယား

## ၃.၃ အနှစ်ချုပ်သုံးသပ်ချက်

မြန်မာနိုင်ငံ၏ ဒီမိုကရေစီအရွေ့တွင် အရေးပါသော မှတ်တိုင်တစ်ခုဖြစ်သည့် ၂၀၂၀ ရွေးကောက်ပွဲမှာ ပျက်ပြားသွားစေသည်အထိ အကျိုးသက်ရောက်မှုရှိမည့် ကြီးမားသော အနှောက်အယှက်များကြုံတွေ့ခြင်းမရှိဘဲ ပြီးမြောက်ခဲ့ပြီဖြစ်သည်။ ရွေးကောက်ပွဲကာလအတွင်း ပါတီများ၏ အွန်လိုင်းပေါ်မှ တစ်ဆင့် မဲဆွယ်စည်းရုံးမှုများတွင် ဒီမိုကရေစီစံနှုန်းများဖြစ်သည့် လူ့အခွင့်အရေး၊ အရပ်သားအုပ်ချုပ်ရေး၊ စစ်တပ်မှ နိုင်ငံရေးအခန်းကဏ္ဍတွင် ပါဝင်မှုလျှော့ချရေး၊ အမျိုးသမီး၊ အမျိုးသားအပါအဝင် အခြားသော လိင်စိတ်တိမ်းညွှတ်သူများ၏ တန်းတူအခွင့်အရေးရရှိရေး စသည့်တို့ကို အကောင်အထည်ဖော်ရန် ကတိကဝတ်များပေးကာ မဲဆွယ်စည်းရုံးမှုများရှိသကဲ့သို့ တစ်ဖက်တွင်လည်း ထိုစံနှုန်းများနှင့် ဆန့်ကျင်ဘက်ဖြစ်သည့် အမျိုးသားရေး၊ ဘာသာရေး၊ အပါအဝင် ကာကွယ်ပေးရမည့် ဝိသေသလက္ခဏာများအပေါ် ခွဲခြားဆက်ဆံကာ မဲဆွယ်စည်းရုံးမှုများသည် ပါတီများ၏ ပင်မစာမျက်နှာအပေါ်တွင် ပေါ်ပေါ်ထင်ထင် လုပ်ဆောင်မှုနည်းပါးခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

လူမျိုးရေးနှင့် ဘာသာရေးကဏ္ဍတွင် ပြည်မအခြေစိုက်နိုင်ငံရေးပါတီများသည် ဗမာလူမျိုးစုအရေး၊ လူမျိုးရေးဆိုင်ရာကိစ္စရပ်များကို ဖောင်းပေးပြောဆိုမှုများရှိနေပြီး ပြိုင်ဆိုင်မှုကြီးမားသည့် **USDP** ပါတီနှင့် **NLD** ပါတီတို့၏ ဆောင်ရွက်မှုများကို ကြည့်မည်ဆိုလျှင် **USDP** ပါတီမှ လူမျိုးစုရေး၊ အမျိုးဘာသာ၊ သာသနာရေးဆိုင်ရာကိစ္စရပ်များကို အထူးအလေးပေးပြောဆိုကာ မဲဆွယ်မှုများရှိခဲ့သည်။ **NLD** ပါတီ အနေဖြင့် တခြားသော တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကိစ္စရပ်များ၊ မတူကွဲပြားသည့် ဘာသာရေးဆိုင်ရာကဏ္ဍများအပေါ်တွင် အလေးအနက်ထားကာ တန်းတူညီမျှလုပ်ဆောင်သွားမည်ဟူသည့် စကားလုံးများဖြင့် မဲဆွယ်ခဲ့သည်။ အလားတူ ပြည်မအခြေစိုက် နိုင်ငံရေးပါတီများအနေဖြင့် ပါတီကိုယ်စားပြုသည့် လူမျိုးစုများကို ထည့်သွင်းမဲဆွယ်မှုများရှိခဲ့သည်။ ထို့အပြင် တိုင်းရင်းသားနိုင်ငံရေးပါတီများထဲတွင် **SNLD** ပါတီမှာ လူမျိုးရေးနှင့် ဗုဒ္ဓဘာသာအရေးကို ထည့်သွင်းပြောဆိုမှုများရှိခဲ့သည်။

ထိုသို့သော လူမျိုးရေးဆိုင်ရာကိစ္စရပ်နှင့် ဆက်စပ်၍ တိုင်းရင်းသားနိုင်ငံရေးပါတီများမှ ဖက်ဒရယ်အရေးကိုရရှိရန် လုပ်ဆောင်မည်ဟူသည့် ကတိကဝတ်ပေးမှုများ၊ ဒေသဖွံ့ဖြိုးရေးအတွက် ဒေသကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်ပါဝင်နိုင်ရေးအတွက် ဟူသည့် မဲဆွယ်မှုများနှင့် လူမျိုးစု၏ ယဉ်ကျေးမှု၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာကဏ္ဍရပ်များ ဖွံ့ဖြိုးတိုးတက်စေရန် လုပ်ဆောင်မည်ဟူသည့် မဲဆွယ်မှုများကို ချိတ်ဆက်သုံးနှုန်းကာ မဲဆွယ်ခဲ့ကြသည်။ ပြည်မအခြေစိုက်နိုင်ငံရေးပါတီများတွင်လည်း လူမျိုးကြီးတစ်စု၏ အခန်းကဏ္ဍ

ကို ဆက်လက်အားကောင်းစေရန် မဲဆွယ်စည်းရုံးမှုများရှိသလို၊ လူနည်းစုများကို တန်းတူအခွင့်အရေးရရှိစေမည့် ဖက်ဒရယ်အရေးကို ဦးတည်လုပ်ကိုင်မည်ဟူသော ကတိကဝတ်များဖြင့် မဲဆွယ်မှုများရှိခဲ့သည်။


Gender အရေးနှင့်ပတ်သက်၍ ကနဦးအမျိုးသမီးကဏ္ဍတွင် ၂၀၂၀ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သည့် အမျိုးသမီးဖြစ်တည်မှုအပေါ် နိုင်းယှဉ်ဝေဖန်သည့် အရေးအသားများကို ပါတီများ၏ အဓိကစာမျက်နှာများအပေါ်တွင်မတွေ့ရှိခဲ့ရပေ။ LGBTQI နှင့်ပတ်သက်၍လည်း ဝေဖန်ပြောဆိုသည့် ကိစ္စရပ်များဖြင့် မတွေ့ရှိခဲ့ရသလို၊ ထိုကဏ္ဍနှင့်ပတ်သက်၍ တိုးတက်ဖွံ့ဖြိုးစေရန် ပြောဆိုမဲဆွယ်မှု အားနည်းနေသည်ကို တွေ့ရှိရသည်။

မသန်စွမ်းကဏ္ဍတွင် ပါတီများမှ သာမန်အတိုင်းသာ ထည့်သွင်းပြောဆို ရှိသော်လည်း မသန်စွမ်းများနှင့်ပတ်သက်၍ ဦးစားပေးမဲဆွယ်စည်းရုံးမှုနည်းပါးသည်ကို တွေ့ရသည်။ အထူးသဖြင့် ပါတီတိုင်း၏ မူဝါဒများ၊ လုပ်ငန်းဆောင်တာများထဲတွင် မသန်စွမ်းများ၏ အကျိုးအတွက် လုပ်ကိုင်ဆောင်ရွက်မည့် အကြောင်းအရာများ၊ လှုပ်ရှားမှုများကို ထည့်သွင်းပြောကြားမှုမှာ အလွန်နည်းပါးနေသည်ကို တွေ့ရှိရသည်။ အထူးသဖြင့် ပြည်မအခြေစိုက် နိုင်ငံရေးပါတီတစ်ခုဖြစ်သည့် USDP မှ ရွေးကောက်ပွဲကျင်းပပြီးနောက် ၃ ရက်မြောက်နေ့တွင် UEC သို့ တိုင်ကြားချက်၊ အိတ်ဖွင့်ပေးစာတွင် မသန်စွမ်းမဲဆန္ဒရှင်များကို ဖိနှိပ်ခွဲခြားဆက်ဆံသည့် အကြောင်းအရာများ ထည့်သွင်းပြောကြားမှုမှာ မသန်စွမ်းအခွင့်အရေးနှင့်ပတ်သက်၍ ချိုးဖောက်မှုတစ်ရပ်ပင် ဖြစ်သည်။

နိုင်ငံရေးတွင် စစ်တပ်၏ အခန်းကဏ္ဍလျှော့ချရေးမှာ အလွန်အရေးကြီးသော်လည်း ၂၀၂၀ ရွေးကောက်ပွဲကာလတွင်မူ တိုင်းရင်းသားနိုင်ငံရေးပါတီများမှလွဲ၍ ပြည်မအခြေစိုက်နိုင်ငံရေး ပါတီအချို့တွင် စစ်တပ်၏ အခန်းကဏ္ဍကို နိုင်ငံတော်လုံခြုံရေး၊ စည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းရေးကဏ္ဍများနှင့် ချိတ်ဆက်၍ ပူးပေါင်းလုပ်ဆောင်ရန် ထည့်သွင်းပြောကြားကာ မဲဆွယ်စည်းရုံးမှုများရှိခဲ့သည်။ ထူးခြားချက်အနေဖြင့် PPP ပါတီမှာ တပ်မတော်၏ အခန်းကဏ္ဍကို အားလုံးပူးပေါင်းလုပ်ဆောင်မည်ဆိုသည့် အဓိပ္ပာယ်သက်ရောက်စေသော စကားလုံးများဖြင့် မဲဆွယ်စည်းရုံးမှုအများဆုံးပြုလုပ်ခဲ့သည်။ တိုင်းရင်းသားနိုင်ငံရေးပါတီများ၊ ပြည်မအခြေစိုက်နိုင်ငံရေးပါတီများမှ စစ်တပ်၏ အခန်းကဏ္ဍကို ပြည်တွင်းစစ်ဖြစ်ပွားခြင်း၊ လွှတ်တော်တွင်းမှ တပ်မတော်သား ၂၅ ရာခိုင်နှုန်း၊ စစ်အာဏာရှင်အုပ်ချုပ်ရေးစနစ်စသည့် အကြောင်းအရာများနှင့် ချိတ်ဆက်၍ နိုင်ငံရေးအတွင်းမှ စစ်တပ်၏ အခန်းကဏ္ဍလျှော့ချရန် ပြောဆိုမှုများရှိခဲ့သည်။

ရွေးကောက်ပွဲကော်မရှင်၏ အခန်းကဏ္ဍတွင် ကိုဗစ် – ၁၉ ကျန်းမာရေးပြဿနာအကြောင်းပြု၍ ရွေးကောက်ပွဲ ရွှေ့ဆိုင်းပေးရေးဆိုင်ရာအကြောင်းအရာများကို ပါတီများမှ ပြောကြားခြင်းများ၊ မဲဆန္ဒနယ်ကန့်သတ်ကြေညာခြင်း အပေါ်ပါတီများမှ ဝေဖန်ပြောကြားခြင်းများပြုလုပ်ခဲ့ကြသည်။ ထို့အပြင် ထူးခြားသည့် ကိုစ္စရပ်အနေဖြင့် နိုင်ငံပိုင်ရေဒီယို၊ ရုပ်မြင်သံကြားများတွင် ပါတီများ၏ မဲဆွယ်မိန့်ခွန်းများကို ဖြတ်တောက်မှုများရှိခဲ့သည့် အပေါ် ရွေးကောက်ပွဲကော်မရှင်ကို နိုင်ငံရေးပါတီများ ဝေဖန်မှုများစွာရှိခဲ့သည်။

၂၀၂၀ ရွေးကောက်ပွဲသည် ကိုဗစ်–၁၉ ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားနေစဉ်ကာလအတွင်း ကျင်းပခဲ့သည့်အတွက် ကိုဗစ်အကြောင်းပြု၍ နှာခေါင်းစည်းဝေခြင်း၊ လက်သန့်ဆေးရည်ဝေငှခြင်းများဖြင့် မဲဆွယ်စည်းရုံးခဲ့သလို၊ တစ်အိမ်တက်တစ်အိမ်ဆင်း မဲဆွယ်မှုများဖြင့်လည်း ရွေးကောက်ပွဲကာလကို ဖြတ်သန်းခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။




*ပုံ – ၃.၃.၁ ရွေးကောက်ပွဲကာလအတွင်း ပါတီများမှ သက်ဆိုင်ရာကဏ္ဍများအလိုက် ထည့်သွင်းပြောဆိုသည့် အကြောင်းအရာများအနှစ်ချုပ်ဇယား*

## ၃.၄ အကြံပြုချက်များ

### ၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံပိုင် ရေဒီယို၊ ရုပ်မြင်သံကြားများတွင် ပါတီများ၏ မဲဆွယ်မိန့်ခွန်းများအပေါ် ဖြတ်တောက်ခြင်းသည် ပါတီများ၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ချိုးဖောက်ခြင်းဖြစ်သည်။ ယခုကဲ့သို့ ချိုးဖောက်မှုပြုလုပ်ခြင်းများကို လာမည့်ရွေးကောက်ပွဲများတွင် ရှောင်ကြဉ်သင့်သည်။

(၂) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲမကျင်းပနိုင်သည့် ကန့်သတ်မဲဆန္ဒနယ်များကို ကြေညာရာတွင် မိမိ၏ဆုံးဖြတ်ချက် တစ်ခုထဲမဟုတ်ပဲ ပွင့်လင်းမြင်သာမှုရှိစေရန် သက်ဆိုင်ရာဒေသရှိ ပါတီများ၊ အရပ်ဖက်အဖွဲ့အစည်းများနှင့် ဆွေးနွေးပွဲများ ပြုလုပ်သင့်သည်။

(၃) ကိုဗစ်ကပ်ရောဂါဖြစ်ပွားနေသည့်ကာလအတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲ ဖြစ်မြောက်ရေးထက် လူထု၏ကျန်းမာရေးအတွက် ထိရောက်သောညွှန်ကြားချက်များ ပြုလုပ်သင့်သည်။

(၄) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဥပဒေများသည် နိုင်ငံရေးပါတီအားလုံးအပေါ် ယခုထက်ပို၍ ကျောသားရင်သားမခွဲခြားပဲ ရှိသင့်သည်။

### ၂။ နိုင်ငံရေးပါတီများ

(၁) ပါတီများအနေဖြင့် မတူကွဲပြားမှုအပေါ် အခြေတည်၍ ဖြစ်ပေါ်လာသည့် လူမှုရေးကိစ္စရပ်များကို ယခုထက်ပို၍ အာရုံစိုက်သင့်သည်။ အကာအကွယ်ပေး ရပ်တည်ဆောင်ရွက်သင့်သည်။

(၂) နိုင်ငံရေးပါတီများအနေဖြင့် နိုင်ငံရေးကိုပါဝင်ပုံဖော်ရာတွင် ခေတ်ရေစီးကြောင်းအတိုင်းလိုက်ကာ လူကြိုက်များသည့် စကားလုံးများကို ကတိစကားပေးမဲဆွယ်စည်းရုံးခြင်းများကို ရှောင်ကြဉ်သင့်သည်။ ခိုင်မာအားကောင်းသည့် နိုင်ငံရေးမူဝါဒများ ရှိသင့်သည်။

(၃) အကာအကွယ်ပေးသင့်သည့် အုပ်စုများ၊ လူနည်းစုအုပ်စုများ၊ အဖယ်ကြဉ်ခံအုပ်စုများကို အသုံးချ၍ ပါတီအောင်နိုင်ရေးရရှိစေရန် လုပ်ဆောင်ခြင်းများကို ရှောင်ကြဉ်သင့်သည်။ အထူးသဖြင့် ဘာသာရေး ကိုအသုံးချ၍ အုပ်စုတစ်စုနှင့် တစ်စုကြား ကြောက်ရွံ့မုန်းတီးမှုများဖြစ်စေရန် လှုံ့ဆော်မှုများပြုလုပ်ခြင်းကို ရှောင်ကြဉ်သင့်သည်။

(၄) အနိုင်ရပါတီများ အနေဖြင့် မဲဆွယ်ကာလတွင်ပေးခဲ့သော မိမိတို့ကတိစကားများအတိုင်း ခွဲခြား ဆက်ဆံမှုများကို တိုက်ဖျက်သင့်သကဲ့သို့ အနိုင်မရရှိသော ပါတီများအနေဖြင့် လွှတ်တော်ပြင်ပမှနေ၍ လူ့ အခွင့်အရေးကာကွယ်မြှင့်တင်ခြင်းများကို ပြုလုပ်သင့်သည်။

# ၂၀၂၀ ရွေးကောက်ပွဲနှင့် နိုင်ငံရေးပါတီများ၏ မဲဆွယ်စည်းရုံးမှု အသွင်အပြင်သစ်

နိုင်ငံရေးပါတီများ၏အွန်လိုင်းမဲဆွယ်စည်းရုံးမှုအပေါ် လူ့အခွင့်အရေးအခြေပြု သုတေသနတွေ့ရှိချက်

Athan အသံ | STEP DEMOCRACY ရှေ့သို့မြန်မာ | DRI | Funded by EUROPEAN UNION

Disclaimer: The content of this publication is responsibility of Athan and does not represent the views of the European Union.